# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဦတည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ စက်မှုဇုန် (၁) အတွင်း လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြည်ကြီးတံခွန်မြို့နယ်ရှိ Super Mandalay Co.Ltd ၏ ဘုရင်ဘီစကစ်စက်ရုံအတွင်း ကုန်ကြမ်းအဆင့်မှ ထုပ်ပိုးမှုအထိ ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့၊ စက်မှုဇုန် (၁) အတွင်း ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ Super Mandalay Co.Ltd ၏

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

## ယနေ့ ဖတ်စရာ


ချစ်ကြည်ရင်းနှီးမှုမှသည် ဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည် ..... ဆောင်းပါး စာ - ၈

ကိုယ်ရည်ကိုယ်သွေးဖြင့် ခေါင်းဆောင်မှုကို တည်ဆောက်နိုင် ဆောင်းပါး စာ - ၁၆

မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်ဈေးကွက်သို့ ပိုမိုဝင်ရောက်ခွင့်ရရှိရန် စီမံကိန်းချဆောင်ရွက်နေ ကုန်သွယ်စီးပွား စာ - ၂၀

ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကုန်သွယ်မှုပလက်ဖောင်းသစ် စတင်မည် ကုန်သွယ်စီးပွား စာ - ၂၁

မြန်မာ့အလင်း

# သက်ကြီးအမျိုးသမီးများ၏ စွမ်းပကား တို့များအလေးထား

လာမည့် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့၏ ဆောင်ပုဒ်မှာ "သက်ကြီး အမျိုးသမီးများရဲ့ စွမ်းပကား တို့များအလေးထား" (The Resilience and Contributions of Older Women) ဟူ၍ ဖြစ်သည်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူ့အဖွဲ့အစည်းများတွင် ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရာ သက်ကြီးရွယ်အိုများ၏ ရှင်သန်နေထိုင်မှုတွင်လည်း ဆိုးရွားသည့် သက်ရောက်မှုများရှိခဲ့သည်။ အထူးသဖြင့် အမျိုးသမီးသက်ကြီး ရွယ်အိုများအပေါ်တွင် ပိုမို၍ ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။

ကမ္ဘာ့လူ့အဖွဲ့အစည်းများတွင် သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ ဘဝတစ်သက်တာတစ်လျှောက် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများနှင့် ဉာဏ်ပညာတို့ကိုအသုံးပြုကာ လူ့အဖွဲ့ အစည်းများအတွက် ပါဝင်ဆောင်ရွက် အထောက်အကူပြုပေး လျက်ရှိသော်လည်း အသက်အရွယ်ကြီးမြင့်မှုကိုအခြေခံ၍ ခွဲခြား ဆက်ဆံမှုများ၊ ကျားမ လိင်ကွဲပြားမှုကိုအခြေခံ၍ ခွဲခြားဆက်ဆံမှု များကြောင့် သက်ကြီးရွယ်အို ဘိုးဘွားများအပေါ် အသိအမှတ်မပြု လျစ်လျူရှုမှုများရှိနေရာ သက်ကြီးအမျိုးသမီးအဘွားတို့မှာ ခွဲခြား ဆက်ဆံမှုကို ပိုမို၍ ခံစားနေကြရသည်ကို တွေ့ရသည်။

၁၉၅၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ မျှော်မှန်းလူ့သက်တမ်းမှာ ၄၆ နှစ်မှ ၆၈ နှစ်သို့ တိုးတက်လာရာ ၂၀၁၉ ခုနှစ်တွင် အသက် ၆၅ နှစ်နှင့်အထက် ကမ္ဘာ့လူဦးရေမှာ ၇၀၃ သန်းသို့ ရောက်ရှိခဲ့သည်။ အာရှအရှေ့ပိုင်းနှင့် အရှေ့တောင် အာရှတို့တွင် သက်ကြီးရွယ်အို ၂၆၁ သန်းဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်မှ ဥရောပနှင့် မြောက်အမေရိကတွင် သန်း၂၀၀ ကျော် ဖြင့် ဒုတိယအများဆုံးဖြစ်သည်။ လာမည့်နှစ်ပေါင်း ၃၀ ခန့်တွင် ကမ္ဘာတစ်ခွင် သက်ကြီးရွယ်အိုတို့ဦးရေသည် နှစ်ဆကျော်အထိ ရောက်ရှိလာမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၀၅ ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံတွင် သက်ကြီး ရွယ်အိုများဆိုင်ရာ ဥပဒေအရ အသက် ၆၀ နှစ်နှင့်အထက် ရှိသော မြန်မာနိုင်ငံသားအားလုံးကို သက်ကြီးရွယ်အိုဟု ဖွင့်ဆို ထားရာ နိုင်ငံ့လူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်းမှာ သက်ကြီးရွယ်အို များဖြစ်သည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီး အမျိုးသား အဘိုးဦးရေမှာ ၁ ဒသမ ၉ သန်းကျော်ရှိပြီး သက်ကြီး အမျိုးသမီး အဘွားဦးရေမှာ ၂ ဒသမ ၆ သန်းခန့် ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီး ရွယ်အိုများဆိုင်ရာ ဥပဒေအရ သက်ကြီးရွယ်အိုများ၏ အခွင့်အရေး များကို ပြဋ္ဌာန်းထားပြီး ယင်းအခွင့်အရေးများကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရရှိစေရန် ပြဋ္ဌာန်းထားသည်။ မည်သူမဆို သက်ကြီးရွယ်အိုများကို ခွဲခြားဆက်ဆံခြင်း အစား အသောက် သို့မဟုတ် ဆေးဝါးလုံလောက်အောင် မပေးခြင်း၊ ရိုက်နှက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ တောင်းရမ်းခိုင်းခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်း ဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် မလျော်မကန်ပြုလုပ်ခြင်းတို့ ပြုလုပ်ပါက ထောင်ဒဏ် ငွေဒဏ် ပြစ်ဒဏ်များချမှတ်ရန် ပြဋ္ဌာန်း ထားသည်။

အမျိုးသမီးသက်ကြီးရွယ်အိုအဘွားတို့သည် ၎င်းတို့၏ ငယ်ရွယ် စဉ်ကာလအတွင်း မိသားစုဝင်တစ်ဦးအနေဖြင့် အိမ်ထောင့်တာဝန် မိသားစုတာဝန်များကို ထမ်းဆောင်ခဲ့သူများ၊ နိုင်ငံသားတစ်ဦး အနေဖြင့် နိုင်ငံ့တာဝန်၊ လူ့အဖွဲ့အစည်း၏တာဝန်ကို ထမ်းဆောင် ခဲ့သူများ ဖြစ်ကြသည်။ အသက်အရွယ်ကြီးရင့်လာချိန်တွင် ၎င်းတို့၏ ဘဝအတွေ့အကြုံများနှင့် ဘဝတစ်လျှောက် ဆည်းပူးခဲ့ သည့် ဉာဏ်ပညာများက ပိုမို၍ရင့်သန်နေချိန်ဖြစ်ရာ သက်ကြီး အမျိုးသမီးများ၏ စွမ်းပကားကို အလေးထားကာ လူ့အဖွဲ့အစည်း အတွက် ပါဝင်စွမ်းဆောင်ခွင့်ပေးအပ်နိုင်ပါစေကြောင်း။ ။

# ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၂) ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ ကြီးကြပ်စောင့် ရှောက်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၂) ညှိနှိုင်းအစည်းအဝေး ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပ သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ကုလ သမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော နိုင်ငံတကာအဖွဲ့ အစည်းများ ကြီးကြပ်စောင့်ရှောက် ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကဦးဆောင်၍ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာန များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် လုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန် များကို အရှိန်အဟုန်မပျက် ဆက်လက် အကောင်အထည် ဖော်ရေး၊ ကုလသမဂ္ဂအဖွဲ့အစည်း များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက် ရာတွင် အဆင်ပြေချောမွေ့ စေရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး၍အမြင်ချင်းဖလှယ်ခဲ့ကြ သည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးမှူးရုံး၌ ရုံးဖွင့်လှစ်ထားရှိမှုနှင့် ရုံးသစ်ဆောက်လုပ်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရုံးသစ်များ ဖွင့်လှစ်မှုနှင့်အတူ လိုအပ်ချက်များကို လုပ်ထုံး လုပ်နည်းနှင့်အညီ တင်ပြဆောင် ရွက်ကြရန် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် က မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန့်နေ့မွန်းလွဲပိုင်းက ဟိုပုံးမြို့၌ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးမှူးရုံး ဖွင့်လှစ်ထားရှိမှုနှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ် ယင်းသို့မှာကြားခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဝန်ကြီးဌာန ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးမှူးရုံးအသစ် ဆောက်လုပ် မည့် မြေနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရုံးတည်ဆောက် ရေးလုပ်ငန်းများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ သတ်မှတ် စံချိန်စံညွှန်း ပြည့်မီရေးအတွက် အလေးထား ဆောင်ရွက်ကြရေး မှာကြားသည်။ **(အောက်ဝဲပုံ)**



ထို့မှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် ဟိုပုံးမြို့နယ်ဦးစီးမှူး ရုံးသို့သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မှတ်တမ်းခန်း ၌ ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ နှင့် တွေ့ဆုံကာ လိုအပ်ချက်များ မေးမြန်း၍ နိုင်ငံတော်နှင့် ဌာနအပေါ် သစ္စာစောင့်သိရိုသေရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင် ရွက်ကြရေး၊ ပြည်သူကို ထိရောက် သော ဝန်ဆောင်မှုပေးနိုင်ရေး နှင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံ ဆောင်ရွက်ကြရေး၊ လုံခြုံရေးသတိ ရှိရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း မှာကြား အားပေးနှုတ်ဆက်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုငွေထုတ်ပေးခြင်း အခမ်းအနားကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၉**

အလုပ်သမားဝန်ကြီးဌာန မြို့နယ်လူမှုဖူလုံ ရေးရုံး မော်လမြိုင်မြို့ ၂၀၁၂ ခုနှစ် လူမှုဖူလုံ ရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုငွေထုတ်ပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က မွန်ပြည်နယ် လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီး ဌာန ပြည်နယ်လူမှုဖူလုံရေးရုံးမှ ပြည်နယ် တာဝန်ခံအရာရှိ ဦးသက်ဆွေက အမှာစကား ပြောကြားပြီး လူမှုဖူလုံရေး သမိုင်းကြောင်းကို လည်ကောင်း၊ မြို့နယ်လူမှုဖူလုံရေးရုံး တာဝန်ခံ ဒေါ်သိင်္ဂီဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံ ရေး ဥပဒေပါ အကျိုးခံစားခွင့်များအား လည်ကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မဟာခေတ်အားလိုင်းမှုးရုံးမှ အာမခံအလုပ်သမား ဦးအောင်ဇင်ဦး၏ အလုပ် တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ မိသားစုအား အကျိုးခံစားခွင့် ငွေကျပ် ၉၉၀၀၀၀၀ ကို ပြည်နယ်တာဝန်ခံအရာရှိ ဦးသက်ဆွေက သေဆုံးသူ၏ဇနီးထံ ပေးအပ် ပြီး မဟာခေတ်အားလိုင်းမှုးရုံးမှ ဦးစီးအရာရှိ ဦးနေထက်ဦးက ကျေးဇူးတင်စကား ပြော ကြားခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်**
**ခရိုင်(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မောရိယတိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်း စက်ရုံအတွင်း ဆေးဝါးများ ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

○ ရှေ့ဖုံးမှ

ဘုရင်ဘီစကစ်စက်ရုံသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက်စက်ရုံအတွင်း ကုန်ကြမ်းအဆင့်မှ ထုပ်ပိုးမှုအထိ ကုန်ပစ္စည်းများ အဆင့်ဆင့်ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

**လိုက်လံရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုင်ဖြိုးမြန်မာ ကုမ္ပဏီ၏ အောင်နိုင်သူတွင်နှင့် သံရည်ကျိုလယ်ယာသုံးရေပန့် သံမဏိသွန်းထည်လုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးအောင်ဆန်းက ကုန်ကြမ်း စုဆောင်းရရှိမှု၊ ကုန်ကြမ်းမှတစ်ဆင့် သံရည်ကျိုချက်ပြီး စိုက်ပျိုးရေးလုပ်ငန်းသုံး ရေစုပ်ပန့်အပါအဝင် ပန့်အမျိုးမျိုးနှင့် ပန့်အပိုပစ္စည်းများ၊ သတ္တုသွန်းထည်ပစ္စည်းများ၊ ကြိတ်ခွဲရေးလုပ်ငန်းသုံး အပိုပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး သံထည်ပစ္စည်းများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မောရိယ တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းသို့ရောက်ရှိကြရာ လုပ်ငန်းရှင် သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်ငွေငွေခိုင်နှင့် စက်ရုံဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

**Video Clip ဖြင့် ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ဆေးဝါးများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒေါက်တာ ဒေါ်ငွေငွေခိုင်က လိုက်လံရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံခန်းမတွင် စက်ရုံမှူး ဦးနေဝင်းက မောရိယတိုင်းရင်းဆေးဝါးကို ရှေးယခင် နှစ်ပေါင်း ၁၆၀ မှစ၍ ထုတ်လုပ်ခဲ့မှု၊ လက်ရှိအချိန်တွင် ဆေးဝါးများကို အဆင့်မီစွာဖြင့် ဆက်လက်ထုတ်လုပ်နေမှု အခြေအနေများကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

**"တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေး ကောင်းမွန်ရန်နှင့် ဓာတုဗေဒပစ္စည်းများ ကင်းစင်စွာဖြင့် ထုတ်လုပ်ရန်လို၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို ယခုထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်လို၊ ယခု မောရိယဆေးဝါးထုတ်လုပ်ရေးသည် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသဖြင့် စနစ်တကျထိန်းသိမ်းပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပိုင်ဖြိုးမြန်မာကုမ္ပဏီ၏ အောင်နိုင်သူတွင်နှင့် သံရည်ကျိုလယ်ယာသုံးရေပန့် သံမဏိသွန်းထည်လုပ်ငန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေး ကောင်းမွန်ရန်နှင့် ဓာတုဗေဒပစ္စည်းများ ကင်းစင်စွာဖြင့် ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများကို ယခုထက်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ယခုမောရိယ ဆေးဝါးထုတ်လုပ်ရေးသည် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများရှိသဖြင့် စနစ်တကျထိန်းသိမ်းပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မောရိယ တိုင်းရင်းဆေးထုတ်လုပ်ရေးစက်ရုံ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့သည်။

**နှစ်ပေါင်း ၁၆၀ သက်တမ်းရှိပြီဖြစ်**

မောရိယ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းကို ၁၈၆၂ ခုနှစ်တွင် မြန်မာ တိုင်းရင်းဆေးဆရာကြီး ဆရာခိုင်ကြီးက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မောရိယတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းသည် နှစ်ပေါင်း ၁၆၀ သက်တမ်းရှိပြီဖြစ်ပြီး ယခုအခါ မောရိယ မန်းဆေး၊ အကြောပြေ ဒဏ်ကြေလိမ်းဆေး၊ ချွဲသလိပ်ပျော် ရင်လူးဆေး၊ ရှုလိမ်းဆီ၊ ကွမ်းရွက်အခိုးပွင့်ဆေး၊ သွေးသန့်ဆေး၊ အနာကျက်ဆေးရည်များကို ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တိုင်းပြည်၏အားသည် ပြည်တွင်း၌သာ ရှိသည်ဖြစ်သဖြင့် ပြည်တွင်းစီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုကို အားပေးကြရမည်ဖြစ်

- **တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်း နေထိုင်သူများက ဆောင်ရွက်ရခြင်းဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါများရေးနှင့် ပြည်တွင်းစီးပွားရေး ကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်**
- **ကုန်ကြမ်းများပေါများရေး၊ သွင်းအားစုများ လုံလောက်စွာရရှိရေး၊ အရင်းအနှီးများရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိရန်လို**

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးစက်မှုဇုန်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရတနာပုံခန်းမ၌ တွေ့ဆုံ၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မန္တလေးစက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ လုပ်ငန်းရှင်များ၊ မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် လုပ်ငန်းရှင်များ၊ MRCCI အသင်းနှင့် ညီနောင်အသင်း များမှ လုပ်ငန်းရှင်များ၊ မန္တလေးတိုင်းဒေသကြီး အတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ တင်ပြဆွေးနွေး

ဦးစွာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းဌေး၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံ ဝါလုပ်ငန်းရှင်များအသင်းနာယက ဦးအောင်သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များကိုယ်စား ကျောက်ဆစ်လုပ်ငန်းအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ဗိုလ်၊ ရှင်သန်ဆဲဒြပ်မဲ့မျက်ပါးရွှေဆိုင်း အသင်းဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် တက်ရောက် လာကြသည့် လုပ်ငန်းရှင်များက စက်မှုဇုန် သမိုင်း အကျဉ်း၊ စက်မှုဇုန်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဆောင် ရွက်နေမှု အခြေအနေများ၊ ထုတ်ကုန်များ ဈေးကွက် ရရှိရေး၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးများ ရရှိရေးတို့အတွက် လိုအပ်မှုအခြေအနေများ၊ အနာဂတ်ကာလများတွင် စက်မှုဇုန်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ဝါမျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ဈေးကွက် ရရှိရေး၊ ဝါစိုက်တောင်သူများ အရင်းအနှီးရရှိရေး အတွက် သက်သာသောအတိုးနှုန်းထားဖြင့် ရင်းနှီး မတည်ငွေများ နိုင်ငံတော်မှ ဆောင်ရွက်ပေးစေလိုမှု၊ သက်တမ်းပြည့်ချေးငွေများ သက်တမ်းတိုးမြှင့်ပေး စေလိုမှု၊ ကျောက်ဆစ်လုပ်ငန်းအတွက် မြေနေရာနှင့် စက်ပစ္စည်းလိုအပ်မှု၊ ရိုးရာလက်မှုလုပ်ငန်းတစ်ခု ဖြစ်သည့် မျက်ပါးရွှေဆိုင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေးနှင့် တင်ဒါစနစ်အစား လက်ခစနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုနှင့် နိုင်ငံတော် မှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးစေလိုမှု၊ စက်မှုဇုန်အတွင်း ရှေ့ပြေးနည်းပညာများ လေ့လာ၍ ရသည့် စာကြည့်တိုက်နှင့် သုတေသနစင်တာတစ်ခု တည်ထောင်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ပံ့ပိုးမှု၊ စက်မှုလုပ်ငန်းရှင်များ၏ ဝိုင်းဝန်းပါဝင်ဆောင် ရွက်မှုများဖြင့် စက်မှုဇုန်များတွင် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရန် လိုအပ်မှု၊ ကုန်ချောပစ္စည်းများ ပြည်ပမှတိုက်ရိုက် တင်သွင်းမှုများကြောင့် ပြည်တွင်းကုန်ချောထုတ်လုပ် သူများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နေမှု၊ ပြည်ပမှ ကုန်ချောတင်သွင်းမှုအပေါ်တွင် ထိုက်သင့် သည့် အခွန်ငွေများကောက်ခံရန်နှင့် ကုန်ကြမ်းပစ္စည်း များ တင်သွင်းမှုအပေါ် အခွန်ငွေများလျှော့ချ ကောက်ခံမည်ဆိုပါက ပြည်တွင်းကုန်ချောထုတ်လုပ် မှုအပေါ် အထောက်အကူပြုနိုင်မှု၊ ထုတ်ကုန်များ အတွက် Exhibition များ ပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်သစ်များကို ဖန်တီးပေးနိုင်ပြီး ထုတ်လုပ် သူများ အဆင်ပြေစေမည့် အခွန်စနစ်ဆောင်ရွက်ပေး ရန် လိုအပ်မှု၊ MRCCI အသင်းနှင့် ညီနောင်အသင်းများ အတွက် ရုံးခန်းများတစ်စုတစ်စည်းတည်း ဖွင့်လှစ် နိုင်ရေး အဆောက်အဦမြေနေရာအတွက် နိုင်ငံတော် မှ သတ်မှတ်သောနှုန်းဖြင့် မြေနေရာစီစဉ်ပေးနိုင်ရေး အခြေအနေများကို တင်ပြကြသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုတို့က ဝါနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုး ရေးအတွက် လိုအပ်သည့် သွင်းအားစုများရရှိနိုင်ရေး နိုင်ငံတော်မှ ရင်းနှီးငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တောင်သူများ လက်ဝယ်သို့ အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်များ နှင့် သွင်းအားစုများရရှိရေး စိစစ်ကြပ်မတ်ဆောင်ရွက် လျက်ရှိမှု၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူလူထု ဝင်ငွေရရှိရေးတို့အတွက် သမဝါယမစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမအသင်းအဖွဲ့ များ ဖွဲ့စည်း၍ Contract Farming စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးကာ စိုက်ပျိုးရေးတောင်သူ များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှုနည်းပညာများနှင့် ပတ်သက်၍ နည်းပညာလိုအပ်ချက်များရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီး အတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးအတွက် ဗဟိုလုပ်ငန်း ကော်မတီ ဖွဲ့စည်းဆောင်ရွက်ပေးထားပြီး အခက်အခဲ များရှိပါက ကော်မတီသို့ ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

## တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံးယာဉ်များ ခင်းကျင်းပြသထားမှုများကို လေ့လာကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ တိုးတက်ရေးအတွက် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံး အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းဖြစ်ကြောင်း၊ စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍ သောက်သုံးရေလုံလောက်စွာ ရရှိရေးနှင့် စားသောက်ဖွယ်ရာများသာမက တစ်ကိုယ်ရေသုံးပစ္စည်းများသည်လည်း ရိက္ခာတွင်ပါဝင်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် နိုင်ငံအတွင်း နေထိုင်သူများက ဆောင်ရွက်ရခြင်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါများရေးနှင့် ပြည်တွင်းစီးပွားရေးကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများပေါများရေး၊ သွင်းအားစုများ လုံလောက်စွာရရှိရေး၊ အရင်းအနှီးများရရှိရေးနှင့် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန် လိုကြောင်း။

### ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်စွမ်းအင်လုံလောက်စွာရရှိရေး

ပြည်တွင်းကုန်ထုတ်လုပ်မှုများကို လုံလောက်စွာ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ ကုန်ကြမ်းကို ပြည်တွင်း၊ ဒေသတွင်း၌ လုံလောက်စွာရရှိနိုင်ရန် လိုအပ်ကြောင်း၊ သွင်းအားစုနှင့် ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေ၊ မြေဩဇာ၊ မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်အစားအစာ၊ စက်မှုလုပ်ငန်းအတွက် လျှပ်စစ်စသဖြင့် ရရှိရန် အရေးကြီးကြောင်း၊ စက်မှုလုပ်ငန်းများအတွက် စွမ်းအင်နှင့် စွမ်းအားများလည်း လိုအပ်ကြောင်း၊ အပူပေးရသည့် လုပ်ငန်းများတွင် လျှပ်စစ်၊ ကျောက်မီးသွေး၊ ဂက်စ်များကို အသုံးပြုကြကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ယခင်ကတည်းက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အရင်းအနှီးများ ကြီးမားမှုကြောင့် အပိုင်းများခွဲ၍ ဆောင်ရွက်နေရကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့စဉ်တွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းသည် အရင်းအနှီးကြီးမားသော်လည်း ရေရှည်အတွက် ကောင်းမွန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည်လည်း များစွာအကျိုးဖြစ်ထွန်းစေကြောင်း၊ မကြာမီကာလအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

လောင်စာဆီများ၊ သဘာဝဓာတ်ငွေ့များနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် စက်သုံးဆီများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံဖိုးခန့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်းတွင်းရေနံထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ များစွာရှိနေသည့်အပြင် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍လည်း ကမ်းလွန်တွင် ထုတ်လုပ်၍ရသည့် အရင်းအမြစ်များ တွေ့ရှိထားပြီးဖြစ်ကြောင်း၊ ဒီဇယ်ဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်အစားထိုး အသုံးပြုနိုင်သည့် စက်ကိရိယာများကို ပြောင်းလဲအသုံးပြုရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးစနစ်များတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်လည်း သဘောတူညီချက်များ ရရှိထားပြီးဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးရထားများနှင့် ဘတ်စ်ကားများကို Public Transportation ကဏ္ဍတွင် ဦးစားပေးပြေးဆွဲနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ဆိုင်ကယ်အစီးရေ ၆ သန်းခန့်ရှိကြောင်း၊ နေ့စဉ် ဆီသုံးစွဲမှုများကို လျှော့ချနိုင်မည်ဆိုပါက ပြည်ပမှ စက်သုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများရရှိရေးအတွက် ရေအားလျှပ်စစ်နှင့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းများအပြင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်၍ ရခြင်းကြောင့် အားပေးဆောင်ရွက်ရန်လိုကြောင်း၊ မန္တလေးမြို့တွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းမှုများကောင်းမွန်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးစက်မှုဇုန်အတွင်းမှ ထုတ်လုပ်ထားသည့် လက်မှုထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

**❍ မိမိတို့နိုင်ငံတွင် ကုန်းတွင်းရေနံထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ များစွာရှိနေသည့်အပြင် သဘာဝဓာတ်ငွေ့နှင့် ပတ်သက်၍လည်း ကမ်းလွန်တွင် ထုတ်လုပ်၍ရသည့် အရင်းအမြစ်များ တွေ့ရှိထားပြီးဖြစ်၊ ဒီဇယ်ဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်အစားထိုး အသုံးပြုနိုင်သည့် စက်ကိရိယာများကို ပြောင်းလဲအသုံးပြုရမည်ဖြစ်၊ ပို့ဆောင်ရေးစနစ်များတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်လည်း သဘောတူညီချက်များရရှိထားပြီးဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားရှိ ကျောက်စာရုံများ၏ ပုံစံငယ်အသစ်ပြုလုပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ခတ်အားထုတ်လုပ်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထွက်ကုန်၊ ထုတ်ကုန်များကို အခြေခံသည့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

စက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းသေချာသည့် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးဒေသတွင် စိုက်ပျိုးရေးကုန်ကြမ်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ကြမ်းများ များစွာထွက်ရှိပြီး လိုအပ်သည့်ကဏ္ဍများတွင် နိုင်ငံတော်မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ဒေသအလိုက် စိုက်ပျိုးသည့်မျိုးများ တူညီမှုရှိစေရေး အစုအဖွဲ့အလိုက် တတ်နိုင်သမျှဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါများ စိုက်ပျိုးကြကြောင်း၊ အဆင့်မီဝါများထွက်ရှိရေးအတွက် အရည်အသွေးပြည့်မီသည့် ဝါမျိုးကောင်းမျိုးသန့်များရရှိအောင် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဝါအထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်သူများ၏ ဝတ်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးမှုများစွာရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်မှလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးလုပ်ငန်းများစွာရှိပြီး အချို့သော မွေးမြူရေးလုပ်ငန်းများသည် မိရိုးဖလာအတိုင်းသာ မွေးမြူကြသည်ကိုတွေ့ရှိရကြောင်း၊ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် မွေးမြူမည်ဆိုပါက မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ ငါး မွေးမြူရေးလုပ်ငန်းများမှလည်း စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အရည်အသွေးမြင့် မွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

## ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်

စက်မှုကုန်ကြမ်းများအတွက် လိုအပ်သည့် သတ္တုကုန်ကြမ်းများနှင့် သစ်ကုန်ကြမ်းများရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးအတွက် ထုတ်လုပ်သည့်ပစ္စည်းများမှာ အရည်အသွေးပြည့်မီရန် လိုအပ်သကဲ့သို့ ထုတ်ကုန်ပစ္စည်းများကို သိရှိစေရေးအတွက် ကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ၊ နည်းပညာများ၊ လူသားအရင်းအမြစ်များနှင့် ရင်းနှီးမြှုပ်နှံငွေများ လိုအပ်ကြောင်း၊ ထုတ်ကုန်ပြပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်အစားထိုးရေးအတွက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ပြည်ပသို့တင်ပို့နိုင်သည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းဖြစ်ပြီး ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့နိုင်ငံရှိ ကုန်ထုတ်လုပ်မှုများတွင် ပြည်ပမှ ဝင်ရောက်ဆောင်ရွက်ခြင်းထက် မိမိတို့ကိုယ်တိုင်ဦးစီးဆောင်ရွက်မှုများကို အားပေးရမည်ဖြစ်ကြောင်း၊ မိမိတို့အကျိုးစီးပွားကို မိမိတို့ကိုယ်တိုင်ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရရှိရေးအတွက် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်မှ စိုက်ပျိုးရေးချေးငွေများကို ယခင်ကတည်းက ထုတ်ချေးပေးခဲ့ကြောင်း၊ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသေးသည်များလည်း ရှိကြောင်း၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသည့် ကိုဗစ်-၁၉ ချေးငွေများနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရန်ကာလကို သက်တမ်းတိုးပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းတွင် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းဟူ၍ ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုများပြားခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတဘဲ ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကိုလည်း လျော့နည်းအောင် ဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုအားပေးရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကို အားပေးရန် လိုပြီး တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာ ရှိကြောင်း၊ ဒေသအတွင်း ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဖြစ်ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရမှုများ နည်းပါးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးစက်မှုဇုန်အတွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ တိုင်းရင်းဆေးစသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံးယာဉ်များ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက်တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အားပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးနှင့် ကျောက်စာရုံများ၏ ပုံစံငယ်အသစ်ပြုလုပ်ထားရှိမှု၊ ရင်ပြင်တော်ကြမ်းခင်း၊ အဝင်စောင်းတန်းနှင့် ကျောက်ထက်အက္ခရာတင် ပြာသာဒ်ဆောင်ပတ်လမ်းများ နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးလုပ်ငန်းများ သပ်ရပ်မှုရှိစေရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား ရင်ပြင်တော် အပိုင်း(၃) အား စကျင်ကျောက်ပြားကပ်ခြင်းလုပ်ငန်း မဆောင်ရွက်မီနှင့် ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မင်းကင်းမြို့နှင့် ကလေးဝမြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သည် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မင်းကင်းမြို့ရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှိ မင်းရာဇာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြား၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကလေးဝမြို့ရှိ ရွှေမုဋ္ဌောဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ အမှူးပြုသော သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊



တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကလေးဝမြို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများကို တွေ့ဆုံအမှာစကား ပြောကြားသည်။ ယင်းနောက် ကလေးဝမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နယ်မြေဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၂၃) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ Video Conference ဖြင့် ကျင်းပသည်။ **(ယာပုံ)**




### ပိုမိုကာကွယ်စောင့်ရှောက်

ဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းခွင်အသီးသီးမှ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လိုအပ်သည့် နည်းဥပဒေများ ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအရ စစ်ဆေးစည်းကြပ်နိုင်သည့် လုပ်ငန်းနယ်ပယ် ပိုမိုများပြားလာသည့်အတွက် လုပ်ငန်းနယ်ပယ်အသီးသီးမှ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ပိုမိုကာကွယ် စောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားမည်

အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်သည် ဒေသတွင်းကုန်ထုတ်စွမ်းအားနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးများတွင် လွန်စွာအရေးပါသည့်အတွက် မြန်မာနိုင်ငံအနေနှင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ ရည်မှန်းချက်များ အောင်မြင်စေရန် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သော်လည်း အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားပြီး အောင်မြင်မှုများ ရရှိသည်အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက် ညှိနှိုင်းရေးအဖွဲ့အစည်းအဝေးမှ ထွက်ပေါ်လာမည့် ရလဒ်ကောင်းများကြောင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ လုပ်သားထုကို ပိုမိုကောင်းမွန်သော လူနေမှုဘဝများရရှိစေရန်၊ ဘေးအန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုပ်ငန်းခွင်များ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် ကျရောက်သည့် (၂၃) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံက တတိယအကြိမ်မြောက် အိမ်ရှင်အဖြစ် အလှည့်ကျ လက်ခံကျင်းပခွင့်ရခြင်းဖြစ်သည်။

(၂၃) ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အခမ်းအနားများကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေအတွင်းရေးမှူးချုပ်၊ ASEAN–OSHNET အတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့ (International Association of Labour Inspection–IALI)၊ တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေး ဝန်ကြီးဌာန (MEM)၊ ဂျပန် နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာန (Ministry of Health, Labour and Welfare, Japan – MHLW) မှ ကိုယ်စားလှယ်များ၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအေဂျင်စီ (Korea Occupational Safety and Health Agency – KOSHA) မှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း ၄၄ ဦး တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**ဘူးသီးတောင် စက်တင်ဘာ ၂၉**

ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး အထက(ခွဲ) လက်ဝဲဒက်ပုဇွန်ချောင်းကျောင်း၌ ယနေ့နံနက် ၁၁ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်က ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များဖြစ်သည့် မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာတားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင် အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်၊ သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန် စသည့်အသိပညာပေးဟောပြောပြီး လက်ဝဲဒက်ပုဇွန်ချောင်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက အနာဂတ်အတွက် အသီးအပွင့်များဖြစ်သည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အားလပ်ချိန်တွင် စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသသော ကလေးသူငယ်အလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**လှကျော်(ပြန်/ဆက်)**

# ပြည်မြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ပြည် စက်တင်ဘာ ၂၉**

"(၁၆) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်အဖြစ် ပြည်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၌ မွေးမြူထားသော ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သန်းဇော်ဦး ဦးဆောင်သောအဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးသည် ဆေးထိုးပြီး ၁၀ ရက်အကြာတွင် ဆေးအာနိသင် အပြည့်အဝခံစားရပြီး တစ်နှစ်အထိ ကာကွယ်နိုင်ကြောင်းနှင့် တစ်နှစ်ပြည့်လျှင် ထပ်မံထိုးနှံရန်လိုကြောင်း သိရသည်။

**မင်းမင်းစိုး(ပြန်/ဆက်)**

# ချစ်ကြည်ရင်းနှီးမှုမှသည် ဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည် .....

မောင်ငြိမ်းအေး

(၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum 2022) တက်ရောက်ဖို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့တဲ့ သတင်းတွေ၊ ပြန်လည်သုံးသပ်တင်ပြကြတာတွေကို မီဒီယာမျက်နှာစာအမျိုးမျိုးမှာ တွေ့ရပါတယ်။ အလားတူ နိုင်ငံတကာသတင်းတွေမှာလည်း အထူးတလည် တင်ပြကြတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒါဟာ ရုရှား – မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်ဖြစ်ထွန်းလာတာကို ထုတ်ဖော်ပြသခဲ့တဲ့ သမိုင်းမှတ်တမ်းတွေဖြစ်ပါတယ်။ နှစ်နိုင်ငံအတွက် ကောင်းကျိုးဖြစ်ထွန်းမှုတွေဖြစ်လို့ မင်္ဂလာရှိတဲ့သတင်းကောင်းတွေဖြစ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား Far Easterm Shipyard Company(FESC) ၏ အကြီးအကဲ Mr. Andrey Severilov နှင့် Board of Directors အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

❖ **မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ စိတ်ဝင်စားခြင်း ခံရတဲ့နိုင်ငံဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနဲ့ အာရှဈေးကွက်ကြီးနှစ်ခုကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးနေတဲ့နိုင်ငံအဖြစ်နဲ့ ရှုမြင်ထားကြလို့ ဖြစ်ပါတယ်။ အဓိကဈေးကွက်နိုင်ငံကြီးနှစ်ခုဖြစ်တဲ့ လူဦးရေ တစ်ဘီလီယံကျော်ရှိတဲ့ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အပြင် လူဦးရေသန်း ၆၆၀ ကျော်ရှိတဲ့ အာဆီယံနိုင်ငံတွေနဲ့လည်း နယ်နိမိတ်ချင်းတစ်ဆက်တစ်စပ်တည်းရှိနေပါတယ်။ လူလတ်တန်းစားတွေ အများစုရှိတဲ့ ဒီဒေသတွေဟာ အချိန်နဲ့ အမျှ လိုက်ပါဖွံ့ဖြိုးတိုးတက်နေတဲ့အပြင် ကမ္ဘာ့ လူဦးရေရဲ့ ၄၄ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါတယ်။ ဒီလိုမဟာဗျူဟာကျတဲ့ဒေသမှာ မြန်မာနိုင်ငံဟာ အရေးပါတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရုရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံကြီးတွေက သတိပြုမိကြပါတယ်**

### ရလဒ်တွေပေါ်လာအောင်ကြိုးပမ်း

ယခုအခါမှာ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို စောင့်ကြည့်လေ့လာနေကြတဲ့သူတွေရှိသလို တိုင်းပြည်အတွက် သတင်းကောင်းတွေဖြစ်လို့ ပြည်သူတွေ ဝမ်းမြောက်ကြမှာဖြစ်ပါတယ်။ ဆန့်ကျင်ဘက်တွေ၊ အကောင်းမမြင်သူတွေ၊ ဘေးထိုင်ဘုပြောပြီး ကန့်လန့်တိုက်နေသူတွေကတော့ ထုံးစံအတိုင်းပဲ ပြောဆိုဝေဖန်နေကြမှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ကတော့ ရှုပ်ထွေးလှတဲ့ နိုင်ငံရေးထက် စားဝတ်နေရေး ပြေလည်ပြီး လူမှုဘဝတိုးတက်မှုတွေကို မျှော်လင့်ကြမှာ သေချာပါတယ်။ မြန်မာနဲ့ရုရှားနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေကတော့ အပြောင်းအလဲကို အခွင့်အလမ်းအဖြစ်နဲ့ ပြင်ဆင်နေကြမှာဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေက ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုတိုးတက်လာဖို့နဲ့ စီးပွားရေးမျက်နှာစာမှာ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ၊ အခွင့်အလမ်းတွေ ပေါ်လာအောင် အစွမ်းကုန်ကြိုးပမ်းနေကြပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က “လာမည့် ၂၀၂၃ ခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး (၇၅) နှစ်ပြည့်မြောက်မည်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ယုံကြည်အားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အလွန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် အလားအလာကောင်းများစွာကို တွေ့မြင်နေရကြောင်း” ပြောကြားခဲ့ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်သမ္မတကြီး ပြောကြားခဲ့သကဲ့သို့ပင် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး ထူးခြားသည့် သမိုင်းကြောင်းရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်တွင် အနိမ့်အမြင့်မျိုးစုံရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုမှစတင်ကာ နှစ်နိုင်ငံဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် သမိုင်းကြောင်း အစဉ်အလာကြီးမားသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်တွင် ရုရှားနိုင်ငံအနေဖြင့် အကျပ်အတည်းများဖြင့် ရင်ဆိုင်ခဲ့ရသည်ဖြစ်သော်လည်း အဆွေတော်သမ္မတကြီး တာဝန်ယူသည့် ဆယ်စုနှစ်ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် အလွန်တိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိလာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရပါကြောင်း၊ အဆွေတော်အနေဖြင့် ကမ္ဘာ့အရေးကိစ္စမှန်သမျှကို သမာသမတ်ကျစွာဖြင့် ဆောင်ရွက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် တွေ့မြင်ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” ပြောကြားခဲ့ပါတယ်။

### မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ သံတမန်အဆက်အသွယ် ပြုလုပ်ခဲ့တာကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကို မဝင်ရောက်မီကပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ သံတမန်ဆက်ဆံရေးရှိခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးဟာ ယနေ့ထက်တိုင်ခိုင်မြဲလျက်ရှိပါတယ်။ မြန်မာနဲ့ ရုရှားနိုင်ငံတို့ရဲ့ ဆက်ဆံရေးဟာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ် ဆက်ဆံရေးဖြစ်တဲ့အတွက် ကာလရှည်ကြာခိုင်မြဲနေတာဖြစ်ပါတယ်။

မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ဆိုတာဟာ တစ်ဦးကောင်းကျိုးကို တစ်ဦးက သယ်ပိုးလိုစိတ်ရှိနေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှာ ရုရှားနိုင်ငံနဲ့သာမက အခြားနိုင်ငံကြီးတွေနဲ့လည်း ဆက်ဆံရေးတွေရှိခဲ့ပါတယ်။ တစ်ဦးနဲ့တစ်ဦး ကြာရှည်ပေါင်းသင်းဆက်ဆံတဲ့အခါမှာ ဘယ်သူဟာ မိတ်ဆွေစစ်၊ ဘယ်သူဟာ မိတ်ဆွေတုဆိုတာကို သိလာရပါတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ မိတ်ဆွေကတော့ မိတ်ဆွေစစ်မဟုတ်တာ လူတိုင်းသိပါတယ်။

ရှေးအစဉ်အဆက် နှစ်နိုင်ငံဆက်ဆံရေးကို ဖြောင့်တန်းစွာထူထောင်လာခဲ့တဲ့ ရုရှားနိုင်ငံဟာ ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးနောက် ဆက်ဆံရေးတုံ့ဆိုင်းသွားပေမယ့်လည်း မကြာမီမှာ နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်စတင်နိုင်ခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲလို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဖြစ်လာတဲ့အခါမှာ နိုင်ငံဟာ တဖြည်းဖြည်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာပြီး မြန်မာ–ရုရှားဆက်ဆံရေးဟာ ယခင်ကထက် ပိုမိုနီးကပ်လာပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့တာဝန်ယူနေတဲ့ကာလ ဆက်ဆံရေးတွေ အရှိန်အဟုန်နဲ့ တိုးတက်ကောင်းမွန်လာပါတယ်။ မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ ဗိုလ်ကျစိုးမိုးမှုတွေနဲ့ အုပ်စုဖွဲ့အကျိုးစီးပွားရှာဖွေမှုတွေကြောင့် ကမ္ဘာ့အခြေအနေဟာ တည်ငြိမ်မှုပျက်ပြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ နျူကလီးယားလက်နက်တွေ ပိုင်ဆိုင်ထားပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံဟာ ကမ္ဘာ့ရေးရာကိစ္စတွေမှာ တာဝန်သိသိ၊ သမာသမတ်ရှိရှိ ရပ်တည်ဆောင်ရွက်နေတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီလိုနိုင်ငံကြီးတစ်နိုင်ငံနဲ့ မိတ်ဆွေညီအစ်ကို ဆက်ဆံရေးထူထောင်နိုင်တာဟာ မြန်မာနိုင်ငံအတွက် မင်္ဂလာတစ်ပါးဖြစ်သလို အကျိုးလည်းများပါတယ်။

### ရလဒ်ကောင်းတွေမျှော်လင့်နေ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ မြန်မာနိုင်ငံ သံတမန်ဆက်ဆံရေး ခိုင်မြဲစွာတိုးတက်ဆက်ဆံလာတာတွေ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးတက်ဖြစ်ထွန်းမှုတွေနဲ့ အနာဂတ်အလားအလာကောင်းတွေကို ပြည်သူတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မျက်မှောက်ကာလမှာ ပြည်သူတွေဟာ ကိုဗစ်–၁၉ ရောဂါနောက်ဆက်တွဲနဲ့ နိုင်ငံရေး၊ စီးပွားရေးဂယက်ရိုက်ခတ်မှုတွေကြောင့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ ရင်ဆိုင်နေရချိန်မှာ နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွက်လာမယ့် ရလဒ်ကောင်းတွေကို မျှော်လင့်နေကြလို့ ဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့တာဝန်ယူနေတဲ့ကာလမှာ နိုင်ငံတကာ ဆက်ဆံရေးနဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာကြပါပြီ။ ရုရှား – မြန်မာ ဆက်ဆံရေးဟာ ထူးခြားမှု အရှိဆုံးဖြစ်ပါတယ်။ ရုရှား–မြန်မာ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ပြည်သူတွေကြားမှာ ထူးခြားထင်ရှားအသိအမှတ်ပြုခဲ့ကြတဲ့ အကြောင်းအရာတွေထဲမှာ မြန်မာနိုင်ငံရဲ့ အထွတ်အမြတ်တစ်ခုဖြစ်တဲ့ ရွှေစည်းခုံစေတီတော်ကြီးနဲ့ ပုံတူစေတီတစ်ဆူကို ရုရှားနိုင်ငံ မော်စကိုမြို့တော် ကလုဂါပြည်နယ် အက်နိုမီယာကမ္ဘာ့ယဉ်ကျေးမှုဒေသမှာ တည်ထားကိုးကွယ်နိုင်ခြင်းဖြစ်ပါတယ်။ ဒါဟာ နှစ်နိုင်ငံခေါင်းဆောင်တွေ ရင်းနှီးချစ်ကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ထွက်လာတဲ့ ဘာသာယဉ်ကျေးမှုဆက်ဆံရေးတိုးတက်မှု ပြယုဂ်တစ်ခုဖြစ်ပါတယ်။

**ဝမ်းမြောက်ဂုဏ်ယူအားပေး**

နောက်တစ်ခုကတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တော်မှာ ကျင်းပတဲ့ International Army Games – 2022 ပြိုင်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို နိုင်ငံပေါင်း ၃၇ နိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် နိုင်ငံ ၁၂ နိုင်ငံမှာ ပြိုင်ပွဲတွေ နှစ်စဉ်ပြုလုပ်တယ်လို့ သိရပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲ၊ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။

တင့်ကားစွမ်းရည်ပြိုင်ပွဲမှာ မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်တွေဟာ နိုင်ငံ ၁၁ နိုင်ငံ အသင်း ၁၁ သင်းပါဝင်ယှဉ်ပြိုင်တဲ့ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲမှာ (အဆင့် ၁) ပထမနေရာ ဗိုလ်စွဲခဲ့တဲ့ မြင်ကွင်းကို မြန်မာနိုင်ငံမှ ပြည်သူတွေက နှစ်ထောင်းအားရဝမ်းမြောက်ဂုဏ်ယူစွာ တစ်ခဲနက်အားပေးခဲ့ကြတာကိုတွေ့ရပါတယ်။ အခြားပြိုင်ပွဲတွေမှာလည်း အဆင့် ၄ နေရာကို ရရှိခဲ့ကြလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။

နောက်တစ်ခုကတော့ ပြည်သူတွေရဲ့မျှော်လင့်ချက်လည်းဖြစ်ပြီး စိတ်ဝင်စားကြတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်ဖွင့်ပွဲ တက်ရောက်တဲ့ ခရီးစဉ်မှာ မြန်မာနိုင်ငံက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့နဲ့ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်းတို့အကြား ရေရှည်ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာလက်မှတ် ရေးထိုးခဲ့ခြင်းကိစ္စဖြစ်ပါတယ်။

အဲဒီ နျူကလီးယားစွမ်းအင်အစီအစဉ်ဟာ နိုင်ငံသူ နိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှာ ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်တွေ ချမှတ်ဆောင်ရွက်မယ့်အစီအစဉ်ဖြစ်ပါတယ်။ နျူကလီးယားစွမ်းအင်ဟာ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ပြီး မြန်မာနိုင်ငံမှာ အဆိုပါ စွမ်းအင်စီမံကိန်းတည်ဆောက်နိုင်ပါက ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ အဆင့်အတန်းမြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။

**နိုင်ငံနဲ့ပြည်သူ့မျှော်လင့်ချက်**

နျူကလီးယားစွမ်းအင်စီမံကိန်းဟာ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းတွေအပါအဝင် သိပ္ပံနဲ့ သုတေသနစမ်းသပ်တဲ့လုပ်ငန်းတွေ၊ ဆေးသိပ္ပံဆိုင်ရာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေ၊ စက်မှုကဏ္ဍနဲ့ ကဏ္ဍပေါင်းစုံမှာ အကျိုးရှိစွာအသုံးပြုနိုင်မယ့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုတဲ့စီမံကိန်းဖြစ်ပါတယ်။ ကမ္ဘာပေါ်က တိုးတက်တဲ့နိုင်ငံတွေမှာ နျူကလီးယားစွမ်းအင်ကို အသုံးပြုကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ကြပါတယ်။ နျူကလီးယားစွမ်းအင်နဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ဘဝတွေကို မြင့်မားတိုးတက်လာအောင် ဖန်တီးပေးနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံအချို့မှာ နျူကလီးယားစွမ်းအင်ကိုအသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြပြီး၊ အခုလို နျူကလီးယားစွမ်းအင်နည်းပညာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေမှာ အတွေ့အကြုံနဲ့ နည်းပညာတွေလေ့လာခွင့်ရပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ ရလာမှာဖြစ်တဲ့အတွက် နိုင်ငံအနာဂတ်နဲ့ ပြည်သူတွေရဲ့မျှော်လင့်ချက်ဖြစ်ပါတယ်။

ရုရှား – မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဟာ လွတ်လပ်ရေးရပြီးကတည်းက သံတမန်ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်နိုင်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်ကာလမှာ နှစ်နိုင်ငံဆက်ဆံရေးဟာ ခေတ္တတုံ့ဆိုင်းသွားပေမယ့် မကြာမီ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ ၂၀၁၁ ခုနှစ်နောက်ပိုင်းကာလတွေမှာတော့ နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်လာခဲ့ပါတယ်။ မျက်မှောက်ကာလမှာတော့ နှစ်နိုင်ငံဆက်ဆံရေးဟာ အရှိန်အဟုန်နဲ့ သိသိသာသာ မြင့်တက်လာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံကို သွားရောက်ခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်မှာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ အစီအစဉ်တွေချခဲ့တာကို ဦးစွာသတိပြုမိပါတယ်။

**စိတ်ဝင်စားတဲ့မြန်မာနိုင်ငံ**

မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ စိတ်ဝင်စားခြင်းခံရတဲ့နိုင်ငံဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနဲ့ အာရှဈေးကွက်ကြီးနှစ်ခုကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးနေတဲ့ နိုင်ငံအဖြစ်နဲ့ ရှုမြင်ထားကြလို့ ဖြစ်ပါတယ်။ အဓိကဈေးကွက်နိုင်ငံကြီးနှစ်ခုဖြစ်တဲ့ လူဦးရေ တစ်ဘီလီယံကျော်ရှိတဲ့ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အပြင် လူဦးရေသန်း ၆၆၀ ကျော်ရှိတဲ့ အာဆီယံနိုင်ငံတွေနဲ့လည်း နယ်နိမိတ်ချင်း တစ်ဆက်တစ်စပ်တည်းရှိနေပါတယ်။ လူလတ်တန်းစားတွေ အများစုရှိတဲ့ ဒီဒေသတွေဟာ အချိန်နဲ့အမျှ လိုက်ပါဖွံ့ဖြိုးတိုးတက်နေတဲ့အပြင် ကမ္ဘာ့လူဦးရေရဲ့ ၄၄ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါတယ်။ ဒီလိုမဟာဗျူဟာကျတဲ့ဒေသမှာ မြန်မာနိုင်ငံဟာ အရေးပါတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရုရှားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံကြီးတွေက သတိပြုမိကြပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံဟာလည်း ကမ္ဘာပေါ်မှာ အကြီးမားအကျယ်ပြန့်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ဥရောပနဲ့ အာရှတိုက်ကို ပေါင်းကူးဆက်စပ်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ရုရှားနိုင်ငံရဲ့ ပိုင်နက်နယ်မြေအစိတ်အပိုင်းအများစုဟာ အာရှတိုက်ထဲမှာရှိနေပါတယ်။ မျက်မှောက်ကာလမှာ ကမ္ဘာ့အချက်အချာဟာ အာရှတိုက်ကို ရွေ့လျားပြောင်းလဲနေပါတယ်။ ဒီလို ရွေ့လျားပြောင်းလဲလာတာနဲ့အမျှ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ အင်အားပြိုင်ဆိုင်မှုတွေ ပြင်းထန်လာပါတယ်။ မြန်မာနိုင်ငံဟာ ပြည်တွင်းရေးမှာ စွက်ဖက်မခံဘဲ ဘက်မလိုက်တဲ့နိုင်ငံအဖြစ်ရပ်တည်နေလို့ အဘက်ဘက်မှာ စိန်ခေါ်မှုတွေရှိနေပါတယ်။ ဒါ့အပြင် ပထဝီနိုင်ငံရေးအရ အရေးပါတဲ့နေရာမှာ တည်ရှိနေတဲ့အတွက် ဘက်ပေါင်းစုံကနေ ဖိအားပေးထိုးနှက်တိုက်ခိုက်မှုတွေရှိလာပါတယ်။ ဒါကိုရင်ဆိုင်ဖို့အတွက် အင်အားကြီးမိတ်ဆွေနိုင်ငံတွေရဲ့အကူအညီတွေဟာ အလွန်အရေးကြီးပါတယ်။ ဖိအားပေးမှုတွေကို ကြံ့ကြံ့ခံနိုင်ပြီး မိတ်ဆွေအစစ်ကိုတွေရဲ့အကူအညီနဲ့ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုသို့ဦးတည်**

မြန်မာနဲ့ရုရှား မိတ်ဆွေညီအစ်ကို နှစ်နိုင်ငံဆက်ဆံရေးမှတစ်ဆင့် ပေါ်ထွက်လာမယ့် နယ်ပယ်တွေဟာ ကျယ်ဝန်းလှပါတယ်။ ယခုတင်ပြမှုတွေဟာ ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ နမူနာသဘောမျှသာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ နိုင်ငံနဲ့လူမျိုးအတွက် ကြိုးပမ်းအားထုတ်မှုတွေဟာ ရေးဖွဲ့လို့မကုန်နိုင်အောင် များပြားလှပါတယ်။ ပေါ်ထွက်လာတဲ့ အလားအလာကောင်းတွေကို လေ့လာသုံးသပ်ကြတဲ့သူတွေက ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ်တင်ပြခဲ့ကြပြီးဖြစ်လို့ ပြည်သူတွေလည်း ထဲထဲဝင်ဝင် သိရှိသဘောပေါက်လာကြပြီလို့ ထင်မြင်ယူဆမိပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေ အပြန်အလှန် သွားရောက်တွေ့ဆုံဆွေးနွေးမှုတွေဟာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပါတယ်။ ချစ်ကြည်ရင်းနှီးမှုတွေဟာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဦးတည်လာမှာသေချာပါတယ်။

မကြာမီကာလမှာ ရုရှား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ (၇၅) နှစ်မြောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စိန်ရတုကို ထူးထူးခြားခြား ကျင်းပနိုင်မှာဖြစ်သလို စိန်ရတုကာလမှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွေမှာ အရှိန်အဟုန်တိုးမြှင့်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်သွားနိုင်မှာဖြစ်လို့ နိုင်ငံတော်ရဲ့အနာဂတ်နဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ အမှန်တကယ်ဖြစ်ပေါ်လာမှာ သေချာနေပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ထိုင်းနိုင်ငံ Channel 5 Midea အဖွဲ့နှင့် မြန်မာနိုင်ငံ ခရီးသွားကဏ္ဍမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၉

**မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ညောင်ဦးခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံ Channel 5 Midea အဖွဲ့တို့နှင့် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ Aureum Palace Resort Hotel ၌ တွေ့ဆုံဆွေးနွေးသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေး ကဏ္ဍတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ ပုထိုး၊ စေတီနှင့် သဘာဝနိဂုံ အဆောက်အအုံများကို Channel 5 Midea အဖွဲ့မှ ရိုက်ကူးထုတ်လွှင့် ပြသ၍ မြန်မာနိုင်ငံ၏ ခရီးသွား ကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။(ယာဘုံ) ထို့နောက် ထိုင်းနိုင်ငံ Channel 5 Midea မှ အဖွဲ့ခေါင်းဆောင် Mr. Khirirath က ပုဂံဒေသ၏ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း အလှအပများကို အကောင်းဆုံးရိုက်ကူး၍ မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်ရေးအတွက် ကမ္ဘာ့အရပ်ရပ်သို့ ရိုက်ကူး ထုတ်လွှင့်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Channel 5 Midea သို့ ပန်းချီကား လက်ဆောင်ပေးအပ်ပြီး ဒေသခံခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်) ဥက္ကဋ္ဌနှင့် ခရီးသွား လုပ်ငန်းရှင်အသင်း (မန္တလေး) ဥက္ကဋ္ဌတို့က ကျေးဇူး တင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ထမုန်ကန်စံပြကျေးရွာ ထမုန်ကန်ကျောင်းတိုက်ရှိ သံဃာတော်များ စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ရေသန့်နှင့် အခြားစားသောက်ဖွယ်ရာများ လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UW-SP) ဒုတိယဥက္ကဋ္ဌ၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည် တိုးတက်ရေးပါတီ(SSPP) ဒုတိယ ဥက္ကဋ္ဌ(၂) ဦးဆောင်သော ငြိမ်းချမ်း ရေး ကိုယ်စားလှယ်အဖွဲ့တို့ တတိ ယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည် တော်ရှိ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပ သည်။ **(ယာပုံ)**

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေး ရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေး မှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းနှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ ယာကု၊ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေ အတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက် ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး (၂) စဝ်စိုင်းဆုတို့ တက်ရောက် ကြသည်။

**အပြန်အလှန်ဆွေးနွေး**

တတိယနေ့ ဆွေးနွေးပွဲ တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများမှ ရရှိထားသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ (၂) နှင့် (၃) ပါ သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင် ရွက်ထားရှိမှုနှင့် ပတ်သက်၍ ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် က အသေးစိတ်ရှင်းလင်းပြီး တက်ရောက်လာကြသူများက မိမိ တို့၏ သဘောထားများကို အပြန် အလှန် ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ ကို ရပ်နားခဲ့သည်။ စတုတ္ထနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်နေ့တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရန် ကျန်းမာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အထိ နေပြည်တော်တွင် ကျင်းပမည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ် ထားသော ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(ယာပုံ)**



ယင်းကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက် ၁၀ နာရီက သာသနာရေးနှင့်ယဉ်ကျေး မှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဦးစီးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးစီး ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီဝင်များနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အင်အား ခန့်မှန်း ၁၈၀၀၊ အကဲဖြတ်ပညာရှင် ၁၇၆ ဦးနှင့် ဆပ်ကော်မတီများမှ အထောက်အကူပြု ရုံးအဖွဲ့ဝင် ၂၀၀ တို့သည် သတ်မှတ်ထားသည့် တည်းခို ရေးစခန်းတွင် နေထိုင်ကြမည်ဖြစ်ကြောင်း၊ စက်တင် ဘာ ၂၂ ရက်က ကျင်းပသော နာယကဦးဆောင် သည့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး တွင် နာယက ပြိုင်ပွဲဝင်များ၏ သွားလာရေး၊ တည်းခိုနေထိုင်စားသောက်ရေး ကိစ္စရပ်များတွင် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက် ရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ ထို့ပြင် ပြိုင်ပွဲ ဝင်များ နေပြည်တော်သို့ မလာရောက်မီ ကိုဗစ် ရောဂါပိုး ရှိ/မရှိ စစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များတွင် ၅ ရက် ကြိုတင်၍ စုစည်း ထားရန်လည်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အကဲ ဖြတ်ပညာရှင်များကိုလည်း ပြိုင်ပွဲမကျင်းပမီ ၅ ရက် ခန့် ကြိုတင်၍ သတ်မှတ်နေရာတွင် စုစည်းပြီး ကျန်းမာရေးစစ်ဆေးမှုများ ကြိုတင်ဆောင်ရွက် ရန်ကိုလည်း လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ပြင် “နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး အစည်း အဝေးတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လာရောက်မည့် ဒိုင်၊ ပြိုင်ပွဲဝင်များ၊ နေပြည်တော်ရှိ ပြိုင်ပွဲကျင်းပရေးကော်မတီ အသီးသီးမှ တာဝန်ကျ အရာထမ်း၊ အမှုထမ်းများအားလုံး Booster မထိုးရ သေးပါက Booster ထိုးပြီးမှ ဆက်လက်ဆောင်ရွက်စေ ရန်”ဟု လမ်းညွှန်မှာကြားထားပါကြောင်း၊ ပြိုင်ပွဲ ဝင်များ နေပြည်တော်ရောက်ရှိပြီးမှ ကိုဗစ်-၁၉ ထပ်မံ တွေ့ရှိပါက ဆောင်ရွက်ရမည့်အစီအစဉ်နှင့် ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရစေမည့် နည်းလမ်းများကို ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ထည့်သွင်း ဆွေးနွေးပေးစေလိုပါကြောင်း၊ ပြိုင်ပွဲကျင်းပမည့် နေရာများသို့ ပြင်ပမှလာရောက်ကြည့်ရှုမည့် ပရိ သတ်များရှိပါက ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုပါ ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ယခုကာလသည် ကိုဗစ်တွေ့ရှိနှုန်း အတန်ငယ်မြင့်မား နေပါကြောင်း၊ သို့သော် သတ်မှတ်စည်းကမ်းများနှင့် အညီ နေထိုင်သွားလာစားသောက်ခြင်း၊ ကာကွယ် ဆေးများထိုးနှံထားရှိခြင်းဖြင့် ခုခံနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို အကြောင်းပြု၍ ပြိုင်ပွဲကြီး၏ အရှိန်အဟုန်ကို မထိပါးစေလိုပါကြောင်း၊ ပြိုင်ပွဲကို ဗဟိုပြု၍ ကိုဗစ်ရောဂါပျံ့ပွားမှုလည်း မပေါ်ပေါက်စေ လိုပါကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ၏ ဆန္ဒမွန်ဖြစ်သော ရွှက်ပုံးသီးအနုပညာရှင်များ ပေါ်ထွန်းလာစေရေးဟူသည့်အချက်ကို အလေး အနက်ထား၍ ရွှက်ပုံးသီးအနုပညာရှင်လေးများ စိတ်အေးချမ်းသာစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ကျန်းမာရေးရှုထောင့်မှ ပံ့ပိုးနိုင်မည့်နည်းလမ်းများ ကို ကြိုတင်ပြင်ဆင်ထားပါကြောင်းဖြင့် ပြောကြား သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန် ရှိသူများက ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။ ထို့နောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲကျင်းပမည့် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံအား ကြည့်ရှုစစ်ဆေး

## ဌာနဆိုင်ရာများ၊ အနုပညာရှင်များ၊ ပြည်သူများအားလုံးက လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နားလည်မှု၊ စေတနာအရင်းခံတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မည်ဟု ယုံကြည်





**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပဒေသာကပွဲကျင်းပမည့် နေပြည်တော်မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ အနီးရှိ အစည်းအဝေးခန်းမ၌ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးပြောကြားရာတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကြီးကို နေပြည်တော်၌ ၅ ရက်ကြာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊

အဆိုပါပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပမည့်နေရာကို ယနေ့တွင် မြေပြင်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ တိုင်ပင်ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ ပဒေသာကပွဲကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့၊ အဖွဲ့အစည်း တစ်ခုအတွက် ကျင်းပခြင်း မဟုတ်ဘဲ (၇၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့် ပြည်သူများအားလုံးအတွက် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများ၊ အနုပညာရှင်များ၊ ပြည်သူများအားလုံးက လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နားလည်မှု၊ စေတနာအရင်းခံတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။

ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ဝန်ထမ်းများက ပူးပေါင်းပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး တစ်နေ့လျှင် ၄ နာရီခန့် ကြာမြင့်မည်ဟု လျာထားပါကြောင်း၊ ယခုပဒေသာကပွဲကို ထူးခြားသည့် တင်ဆက်မှုများဖြင့် ကပြဖျော်ဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိုဗစ် - ၁၉ ကြောင့် ရပ်နားထားရသည့် နောက်ပိုင်း အနုပညာရှင်များ ပြန်လည်စုစည်းဖျော်ဖြေတင်ဆက်သည့် ပထမဆုံးပွဲ တစ်ပွဲလည်း ဖြစ်ပါကြောင်း၊ ကိုဗစ် - ၁၉ ကြောင့် စိတ်ညစ်ညူးနေသည့် ပြည်သူများကို အနုပညာရှင်များက လေးနက်သည့် အနှစ်သာရများဖြင့် စိတ်အပန်းပြေစေရန်၊ စိတ်ရွှင်လန်းတက်ကြွစေရန် ဆောင်ရွက်နိုင်သည့် ပွဲဟုလည်း ဆိုချင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လွတ်လပ်ရေး၏ အနှစ်သာရနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ပဒေသာကပွဲကြီး ကျင်းပနိုင်ရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်ဒါရိုက်တာများ၊ အနုပညာရှင်များသည် ပဒေသာကပွဲကျင်းပမည့် လဟာပြင်ကဇာတ်ရုံအတွင်း မီးဆလိုက်ဆင်မည့် နေရာများ၊ တီးဝိုင်းအဖွဲ့ ထားရှိမည့်နေရာများ၊ ဇာတ်စင်အနေအထား၊ အဝတ်အစားလဲမည့်ခန်းမ၊ နေထိုင်စားသောက်ရေးနေရာများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **သတင်းစဉ်**

## ဇန်းမော်မြို့နယ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေး



**ဇန်းမော် စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် ဇန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ မြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးအတွက် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇန်းမော်မြို့ ကမ်းသာဦးဆိပ်၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ဇန်းမော်ငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်းသို့ ဇန်းမော်ငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၄၃၀၀၀ အား မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## တောင်တွင်းကြီး၌ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် (၁၆) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာရဲလင်းထွဋ် ဦးဆောင်သော ဝန်ထမ်းများက ခွေးရူးရောဂါ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ မိမိတို့အိမ်တွင် မွေးမြူထားသည့် တိရိစ္ဆာန်များဖြစ်သည့် ခွေး၊ ကြောင်များအား ခွေးရူးရောဂါ ကာကွယ်ဆေး တစ်နှစ်တစ်ကြိမ် ပုံမှန်ထိုးပေးရမည် ဖြစ်ကြောင်း၊ ထိုသို့ ပုံမှန်ထိုးပေးမှသာ တိရိစ္ဆာန်များ မွေးမြူထားသည့် အိမ်များမှ မိသားစုဝင်များ၊ အတူနေမိသားစုများ၊ သက်ကြီးရွယ်အိုများတွင် ခွေးရူးရောဂါ မကူးစက်စေရန် ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရပ်ကွက်၊ ကျေးရွာမှ ပြည်သူများအား ဟောပြောဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိပြီး သပိတ်မျှောပွဲသို့ လာရောက်သူများအား တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မျှောပွဲ အက၊ ရွှေဝယ်သူများ ရေအိုးရွက်ယိမ်းအက၊ အိုးစည်အက သမိုင်းအလှတနင်္သာရီအက၊ ရွှေဝယ်သူများ ရေခပ်သွား အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

သပိတ်မျှောပွဲတော်သည် အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ ထားဝယ်ရိုးရာ မြေသပိတ်ထဲတွင် ဆွမ်း၊ မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ယိုအမျိုးမျိုးစသည့် လှူဖွယ်များကိုထည့်ပြီး တံခွန်၊ ကုက္ကားများ စိုက်ထူ၍ ဆီးမီးများ ထွန်းညှိကာ သပိတ်မျှောခဲ့ခြင်းဖြစ်ပြီး ရာသီဥတုမိုးလေဝသ ကောင်းမွန်စေရန်၊ ဆန် ရေ စပါး စီးပွား ဥစ္စာပေါများ တိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန်များနှင့် မကောင်းသော ဘေးဘယာကံကြမ္မာအပေါင်း ကင်းဝေးလွတ်မြောက်စေရန် ဆုတောင်းပတ္ထနာပြုသည့် ရည်ရွယ်ချက်ဖြင့် ထားဝယ်မြို့တွင် ရှေးအစဉ်အဆက်ကတည်းက နှစ်စဉ်ကျင်းပလေ့ရှိကြောင်း၊ ယခုနှစ်တွင်လည်း ရှေးရိုးရာ အစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရွှေပင်လယ်(ထားဝယ်)**

● *ကျောဖုံးမှ*

ယူနိုက်တက်အသင်းသည် မောရဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၈၆ မိနစ် တွင် အောင်နိုင်ဦးက သွင်းယူခဲ့သည်။ မောရဝတီအသင်းမှာမူ ပွဲပြီးခါနီးတွင် ဂိုးပေးလိုက်ရပြီး အရေးနိမ့်ခဲ့သဖြင့် နစ်နာခဲ့ရသည်။

ကချင်ယူနိုက်တက်အသင်းသည် ယောမြေအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိကာ အမှတ်ပြည့်ရရှိခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အနိုင်ဂိုးများကို ၁၂၊ ၁၄ မိနစ်တွင် ဇော်မွန်အောင်၊ ၃၃ မိနစ်တွင် ညီညီ၊ ၅၄ မိနစ်တွင် သန်းဇော်ဟိန်း၊ ၇၃၊ ၈၀ မိနစ်တွင် အယ်လီဆီတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၈) နောက်ဆုံးနေ့ကို စက်တင်ဘာ ၃၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

# ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ်အခမ်းအနားများ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်လာနိုင်စေရေးအတွက် ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)တွင် ကျင်းပသည့် "၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ (World Maritime Day 2022) အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။**(ယာပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ခံဌာနအကြီးအမှူးများ၊ တာဝန်ရှိသူများ၊ ရေကြောင်းဘက်ဆိုင်ရာ ပြည်တွင်းအဖွဲ့အစည်းများဖြစ်သော ပင်လယ်ရေကြောင်းသင်္ဘောလိုင်းကုမ္ပဏီများ၊ မြန်မာသင်္ဘောသားများအဖွဲ့အစည်း၊ ဆိပ်ကမ်းဝန်ဆောင်မှုကုမ္ပဏီများ၊ ရေကြောင်းဆိုင်ရာသင်တန်းကျောင်းများ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်အသင်း စသည်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(IMO)က ကြီးမှူး၍ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေကြောင်းပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များအပေါ် အထူးဂရုပြု ဆောင်ရွက်လာနိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်တစ်ပြိုင်တည်း ကျင်းပကြပြီး မြန်မာနိုင်ငံ အနေဖြင့်လည်း ယနေ့ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ရေကြောင်းနှင့် ဆိပ်ကမ်းဆိုင်ရာ အဆောက်အဦများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ် ရောင်စုံမီးများကိုလည်း ဂုဏ်ပြုထွန်းညှိသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၂ခုနှစ်၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ် ဆောင်ပုဒ်သည် **"ရေကြောင်း ပတ်ဝန်းကျင်စိမ်းလန်းဖို့ နည်းပညာသစ်များအသုံးပြုစို့ (New Technologies for Greener Shipping)"**ဟူ၍ ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုး၍ ပိုမိုစိမ်းလန်းသော ရေကြောင်းလုပ်ငန်းကို အသုံးပြုခြင်းသည် ရေကြောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် အလုံးစုံတိုးတက်စေရေးအတွက် အလားအလာများစွာကို ဖော်ဆောင်ပေးပါကြောင်း၊ ဤသို့ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နည်းပညာသာမက ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးသည်လည်း မလွဲမသွေ လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့်လည်း ရန်ပုံငွေနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို ထိရောက်အောင် ကူညီပံ့ပိုးပေးရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်းသော်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့အကြားတွင်လည်းကောင်း နည်းပညာများ လက်ဆင့်ကမ်း၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရေရှည်စိမ်းလန်း၍ တည်တံ့သောရေကြောင်း အနာဂတ်အတွက် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ IMO အတွင်းရေးမှူးချုပ် Mr. Kitack Lim ထံမှ ပေးပို့သော Video Message ကို ပြသသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ ရောက်ရှိပြီး ဌာနအလိုက်မှ တာဝန်ခံများက လုပ်ငန်းဆိုင်ရာ စွမ်းဆောင်နိုင်မှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိဈေးကွက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ရရှိထားသည့်အဆင့်ကို ရေရှည်ထိန်းသိမ်းနိုင်ရေး၊ အသေးစား၊ အလတ်စား စီးပွားရေးကုမ္ပဏီများနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ပြီး Business to Business ဝန်ဆောင်မှုများ ဆက်လက်တိုးချဲ့ဆောင်ရွက်ရေး၊ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် မဟာဗျူဟာထားရှိ အကောင်အထည်ဖော်သွားရေး၊ Sim Card စနစ်တကျ မှတ်ပုံတင်ရမည့် မူဝါဒသတ်မှတ်ချက်များကို အလေးအနက်ထား၍ တိကျစွာ စိစစ်ဆောင်ရွက်ပေးရေး မှာကြားပြီး ဝန်ထမ်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်စာတိုက်ကြီးသို့ ရောက်ရှိပြီး ချောစာ၊ ချောထုပ် လက်ခံထုပ်ပိုးမှု၊ သယ်ယူဖြန့်ဝေရေးနှင့် ချောစာ၊ ချောထုပ်များ လက်ခံရာတွင် သေချာစွာ စစ်ဆေးရှာဖွေရေး လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီးနောက် ဝန်ထမ်းများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်၏ အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က ယခုပညာသင်နှစ်အတွင်း ကျောင်းသား/ ကျောင်းသူများ တက်ရောက်ပညာသင်ကြားနေမှု၊ ကျောင်းဆောင်များ၊ သရုပ်ပြခန်းများ၊ စာကြည့်တိုက်နှင့် အားကစားဆိုင်ရာ တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်များ စနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လုံခြုံရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများအား စာသင်ခန်းများတွင် နည်းပြဆရာများ သင်ကြားမှု ပိုမိုအဆင်ပြေချောမွေ့အောင် စီစဉ်ပေးစေရေး၊ သင်ထောက်ကူပစ္စည်း လိုအပ်သလို ဖြည့်ဆည်းပေးရေး၊ စာသင်ခန်းများ အလင်းရောင်ပိုမိုရရှိရေး၊ ဘာသာရပ်အလိုက် သက်ဆိုင်သည့် ဌာနများမှ ကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ အချိန်ပိုင်းသင်ကြားပို့ချနိုင်ရန် ညှိနှိုင်းရေးလိုအပ်ချက်များကို မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှု၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှု၊ ရေယာဉ်အမြန်နှုန်း တိုင်းတာတွက်ချက်သည့် Towing Test Tank လက်တွေ့ဆောင်ရွက်မှု၊ စာကြည့်တိုက်ရွှေ့ပြောင်းပြီးစီးမှု၊ တက္ကသိုလ်ဝင်းအတွင်း ပလက်ဖောင်းပြုပြင်မှုနှင့် ဘောလုံးကွင်းနှင့် ဘတ်စကက်ဘောကွင်းများ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ရုံးဌာနအဆောက်အဦနှင့် စက်ယာဉ်ယန္တရားများလုံခြုံရေး အထူးဂရုပြုရန်လိုအပ်




**နေပြည်တော် စက်တင်ဘာ ၂၉**

တာဝန်ထမ်းဆောင်နေချိန်တွင် ဝန်ထမ်းများ၏ လူပုဂ္ဂိုလ် လုံခြုံရေး၊ ရုံးဌာန အဆောက်အဦနှင့် စက်ယာဉ်ယန္တရားများ လုံခြုံရေးကို အထူးဂရုပြုရန်လိုကြောင်း ဒုတိယဝန်ကြီး ဦးဝင်းဖေ ပြောကြားသည်။

ယမန်နေ့က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာရမည့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း ဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်ကို မလွဲမသွေလိုက်နာကျင့်သုံးပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိရမည်ဖြစ်ကြောင်းကိုလည်း မှာကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ဦးစီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများက ဝန်ထမ်းရေးရာကိစ္စရပ်များကို တစ်ဦးချင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဦးစီးဌာနအလိုက် ဝန်ထမ်းရေးရာ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရခရိုင်အတွင်း ကျေးရွာ ၁၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအရ ခရိုင်အတွင်းရှိ ကျေးရွာ ၁၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုနှစ် ဇူလိုင်လ ဒုတိယအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ခရိုင်အတွင်းရှိ ဥတ္တရသီရိမြို့နယ်မှ ကျေးရွာ ခုနစ်ရွာနှင့် တပ်ကုန်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာ၌ တစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးလင်းက ပြောသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းတစ်ခု၊ ကျောက်ရောမြေနှင့် ရိစာလမ်းခင်းခြင်းလုပ်ငန်း ၁၂ ခု၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း ခြောက်ခု၊ အုတ်စီရေမြောင်းနှင့် ကျောက်ရိုးစီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း လေးခု၊ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုတို့ကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများပြီးစီးပါက ကျေးရွာ ၁၈ ရွာရှိ အိမ်ထောင်စု ၄၀၀၀ ကျော်မှ လူဦးရေ ၁၇၀၀၀ နီးပါးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သူသူငြိမ်း**



# နာဆာက ပထမဆုံး ဂြိုဟ်ကာကွယ်ရေးစမ်းသပ်မှု ဗီဒီယိုဖိုင်ကို ထုတ်ပြန်

ဝါရှင်တန်ဒီစီ စက်တင်ဘာ ၂၉

**အမေရိကန်အာကာသအေဂျင်စီ နာဆာက ဂြိုဟ်သိမ်ဂြိုဟ်မွှားများနှင့် အခြားကောင်းကင်ဂြိုဟ်များ ကမ္ဘာနှင့် မတိုက်မိအောင် ကာကွယ်ရန် ဒီဇိုင်းရေးဆွဲထားသည့် ၎င်း၏ ပထမဆုံးဂြိုဟ်ကာကွယ်ရေး စမ်းသပ်မှုအပြီးတွင် ဗီဒီယိုဖိုင်ကို ထုတ်ပြန်လိုက်သည်။**


နာဆာက တနင်္လာနေ့တွင် အလေးချိန် ၅၇၀ ကီလိုဂရမ်ရှိသည့် အာကာသယာဉ်တစ်စင်းဖြင့် ကမ္ဘာမှကီလိုမီတာ ၁၁ သန်းအကွာတွင်တည်ရှိသော အချင်း ၁၆၀ မီတာခန့်ရှိသည့် ဂြိုဟ်သိမ်ဂြိုဟ်မွှား တစ်ခုဖြစ်သည့် Dimorphos ကို အရှိန်ဖြင့် ဝင်တိုက်ခဲ့သည်။

အဆိုပါ စမ်းသပ်မှု၏ ရည်ရွယ်ချက်မှာ ဂြိုဟ်သိမ်ဂြိုဟ်မွှား၏ပတ်လမ်းကြောင်းကို ပြောင်းလဲစေခြင်း ရှိ၊ မရှိ ကြည့်ရှုရန် ဖြစ်သည်။

အဆိုပါ ဗီဒီယိုဖိုင်ကို အာကာသယာဉ်မှ အရှိန်ဖြင့် ကြိုတင်လွှတ်တင်ခဲ့သည့်ယာဉ်ဖြင့် တိုက်မိပြီး မိနစ်အနည်းငယ်အကြာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗီဒီယိုဖိုင်က ဂြိုဟ်သိမ်ဂြိုဟ်မွှားမှ လွင့်ထွက်လာသည်ဟု ယူဆရသည့် အရာဝတ္ထုများ ဖြန့်ကြက်ဖြာထွက်လာပုံကို ပြသသည်။ တခြား ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကိုလည်း အနီးတွင် တွေ့မြင်နိုင်သည်။

ဟာဝိုင်ယီတက္ကသိုလ်မှ အဖွဲ့တစ်ဖွဲ့ကလည်း မြေပြင်အခြေစိုက် တယ်လီစကုပ်မှ ဖမ်းယူရရှိထားသော ဂြိုဟ်သိမ်ဂြိုဟ်မွှားကို ဝင်ရောက်မတိုက်မီနှင့် တိုက်ပြီးပုံရိပ်များကို ထုတ်ပြန်ဖော်ပြထားသည်။




ဂြိုဟ်သိမ်ဂြိုဟ်မွှားများနှင့် တခြားဂြိုဟ်များ ကမ္ဘာကြီးကို ဝင်တိုက်မည့် ခြိမ်းခြောက်မှုမှ ကာကွယ်ရန်အတွက် နည်းပညာတိုးတက်ရန် နာဆာက အဆိုပါစမ်းသပ်မှုမှ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# မြို့ရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဂျပန်ကိုဦးဆောင်ရန် သီရိလင်္ကာသမ္မတ တောင်းဆို

**တိုကျို စက်တင်ဘာ ၂၉**

သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခရမ်ဆင်ဂေးသည် တောင်အာရှနိုင်ငံ၏ မြို့ရှင်များနှင့် ဆွေးနွေးညှိနှိုင်းရာတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရန် ဂျပန်နိုင်ငံကို တောင်းဆိုလိုက်ကြောင်း သိရသည်။



သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခရမ်ဆင်ဂေး။

သီရိလင်္ကာသမ္မတ ရာနေးလ် ဝစ်ခရမ်ဆင်ဂေးသည် ယမန်နေ့က ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇို အာဘေး၏ ဈာပနအခမ်းအနားသို့ တက်ရောက်ပြီးနောက် စက်တင်ဘာ ၂၈ ရက်တွင် အင်န်အိတ်ချ်ကေသတင်းဌာနသို့ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် ၎င်း၏ စီးပွားရေး အကျပ်အတည်းကြောင့် နိုင်ငံခြားကြွေးမြီများ ပြန်ဆပ်ခြင်းကို ဆိုင်းငံ့ထားကြောင်း သိရသည်။

သီရိလင်္ကာသမ္မတက နောက်ထပ်အရေးကြီးသည့် ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှု အဆင့်ကို အဓိကမြို့ရှင်များနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဂျပန်ဝန်ကြီးချုပ် ဖူမီအို ခီရှီဒနှင့် တွေ့ဆုံရာ၌ ဆွေးနွေးပွဲများတွင် ဦးဆောင်ရန် ဂျပန်နိုင်ငံကို တောင်းဆိုလိုက်ကြောင်း ၎င်းက ပြောကြားသည်။ သီရိလင်္ကာပြည်သူများ တော်တော်ဒုက္ခရောက်နေပြီး နိုင်ငံကို ဖြစ်နိုင်သမျှ မြန်မြန် ပုံမှန်ပြန်ဖြစ်ရန် လိုအပ်ကြောင်း၊ သီရိလင်္ကာနှင့် ဂျပန်နိုင်ငံတို့သည် ကာလကြာရှည်စွာ မိတ်ဖက်နိုင်ငံများ ဖြစ်ကြပြီး အတူတကွ ပူးပေါင်းလုပ်ဆောင်ကာ ဆက်ဆံရေး ပိုမိုခိုင်မာလာစေရန် မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရသူ ၄၂၇၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၂၉ ရက်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၄၂၇၂ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအပါအဝင် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၄၅၈၃၃၆၀ ရှိလာပြီဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၄၀၇၅၀ ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၇ ဦးရှိသဖြင့် ကပ်ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစကာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၅၂၈၆၁၁ ဦး ရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ပိုးတွေ့ရှိမှုနှုန်းမှာ ၁ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး အပတ်စဉ်ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ ၁ ဒသမ ၅၁ ရာခိုင်နှုန်းရှိကြောင်း ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ဆေးရုံဆင်းခွင့်ရသူ ၄၄၇၄ ဦး အပါအဝင် ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း ၄၄၀၁၃၉၉၉ ဦးရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ



# ဂျပန်၊ အမေရိကန်၊ တောင်ကိုရီးယားရေတပ် တပ်ဖွဲ့များ ဂျပန်ပင်လယ်ပြင်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ အမ်အက်စ်ဒီအက်ဖ် က စက်တင်ဘာ ၃၀ ရက်တွင် အမေရိကန်၊ တောင်ကိုရီးယားရေတပ် တပ်ဖွဲ့များနှင့် ဂျပန်ပင်လယ်ပြင်တွင် ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမ်အက်စ်ဒီအက်ဖ်က ၎င်း၏ ဖျက်သင်္ဘောသည် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် ရော်နယ်ရေဂင် အပါအဝင် အမေရိကန် သင်္ဘောငါးစင်း၊ တောင်ကိုရီးယားရေတပ်မှ ဖျက်သင်္ဘောတစ်စင်းနှင့် ရေငုပ်သင်္ဘောတစ်စင်းတို့နှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။



နောက်ဆုံး ပြုလုပ်ခဲ့သည့် သုံးနိုင်ငံ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက ဖြစ်သည်။

အမ်အက်စ်ဒီအက်ဖ် က စက်တင်ဘာ ၃၀ ရက်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကို အကောင်အထည်ဖော်ရန် အားထုတ်မှုတစ်ခု ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# ပြီးခဲ့သည့်ရက်သတ္တပတ်က အမေရိကန်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှု ကျဆင်း

**ဟူစတန် စက်တင်ဘာ ၂၉**

အမေရိကန်နိုင်ငံသည် စက်တင်ဘာ ၂၃ ရက် ကုန်ဆုံးသည့် ရက်သတ္တပတ်အတွင်း ရေနံစိမ်းထုတ်လုပ်မှုမှာ တစ်ရက်လျှင် ပျမ်းမျှရေနံစည် ၁၂ သန်းရှိပြီး ယခင်ရက်သတ္တပတ်ကထက် တစ်ရက်လျှင် ရေနံစည် ၁၀၀၀၀၀ လျော့နည်းလာကြောင်း အမေရိကန်စွမ်းအင်သတင်းအချက်အလက် စီမံခန့်ခွဲရေး (အီးအိုင်အေ) က စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

အဆိုပါ ရေနံစိမ်းထုတ်လုပ်မှုပမာဏမှာ ၂၀၂၁ ခုနှစ်ကထက် တစ်ရက်လျှင်ရေနံစည် ၉၀၀၀၀၀ ကျော်တိုးလာကြောင်း အီးအိုင်အေက ထုတ်ပြန်ထားသည်။ အမေရိကန်ရေနံစိမ်း ထုတ်လုပ်မှုတိုးတက်မှု၏ ၈၀ ရာခိုင်နှုန်းကျော်သည် နိုင်ငံ၏အောက်ပိုင်း ပြည်နယ် ၄၈ ခုမှ ဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့် နှစ်များအတွင်း အဓိက ရေနံထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၈၉၀ |
| 95 Ron | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၉၀ | ၂၂၀၅ | ၂၂၃၅ | ၂၂၃၅ | ၂၂၃၅ | ၂၄၅၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၅ | ၂၇၂၀ | ၂၇၁၅ | ၂၆၁၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၃၅၆၀ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၃၅၉၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၃၅၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၄၉ | ၂၁၂၃ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၂၅၄၀ | ၂၆၂၀ |
| HSD (10 ppm) | ၂၅၄၀ | ၂၆၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင်၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (တတိယအကြိမ်) ထပ်ဆောင်းထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၂၇ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောက်ဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (တတိယအကြိမ်) ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစည်သူနေမျိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမျိုးဝင်း၊ အတွင်းရေးမှူး ရဲမှူးမောင်မောင်တင်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများ ကွင်းဆင်း၍ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (တတိယအကြိမ်) ထိုးနှံပေးမှုလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အသင်းဝင်များက ကျန်းမာရေး အသိပညာပေးဆောင်ရွက်ပေးနေမှုနှင့် နှာခေါင်းစည်း ဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများကို အရှိန်အဟုန်မြှင့် ထိုးနှံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့် အဖွဲ့ဝင်များ၊ ခုတင် ၁၀၀ ဆေးရုံအုပ်၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ကြည့်ရှုအားပေးကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြားရှိ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်၊ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးသူ အထက်တန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (တတိယအကြိမ်) ကို ကျန်းမာရေးဝန်ထမ်းများက ၇၆၇ ဦး ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသော ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



### ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့နယ်များ၌ နှာခေါင်းစည်းများဖြန့်ဝေ

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဏိစည်သူဈေး၊ ဘုန်းစဉ်အခွန်လွတ်ဈေးတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေး လူတိုင်းနှာခေါင်းစည်းတပ်ဆင်နိုင်ရေး နှာခေါင်းစည်းအခုရေ ၄၀၀၀ ဖြန့်ဝေ၍ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို စက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်သည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို ညောင်ဦးမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့် စီမံအဖွဲ့ဝင်များ ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက ညောင်ဦးမြို့ မဏိစည်သူဈေးနှင့် ဘုန်းစဉ်အခွန်လွတ်ဈေးသို့ လာရောက်သည့် ဈေးရောင်းဈေးဝယ်များ၊ လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေး လူတိုင်းနှာခေါင်းစည်းတပ်ဆင်သွားလာကြရန် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ကာ နှာခေါင်းစည်းအခုရေ ၄၀၀၀ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဝင်းထိန်**

**တောင်ကြီး**

တောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၈ ရက်က လူစည်ကားရာနေရာများဖြစ်သည့် စဝ်စံထွန်းဈေးရှေ့နှင့် မြင်းရပ်မီးပွိုင့်ရှေ့တို့၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နှာခေါင်းစည်းဖြန့်ဝေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့် ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးအေးစိုး(ပြန်/ဆက်)**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၂၉–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၇၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၅၆,၄၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၂,၈၀၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၇,၈၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၈) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာ လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၁ ဒသမ ၄၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့် ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၉**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၃၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၆၄၇၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၆၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၅၁၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသားကျောင်းသူ ၃၇၂ ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နှင့် သံတွဲမြို့၌ ကျောင်းသား ကျောင်းသူ ၆၈၂ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသားကျောင်းသူ ၇၆၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နှင့် ပန်းတနော်မြို့၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုယ်ရည်ကိုယ်သွေးဖြင့် ခေါင်းဆောင်မှုကို တည်ဆောက်နိုင်

ဒေါက်တာ မြတ်မိုး

❖ **အဖွဲ့အစည်း၏ရည်မှန်းချက်အောင်မြင်ရန်သည် ထိရောက်သည့်ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်သူ၏ မှန်ကန်သောဆုံးဖြတ်ချက် decisive quality အပေါ်တွင် အဓိကမူတည်သည်။ ဆုံးဖြတ်ချက်ချနေတိုင်းလည်း မှန်ကန်နေသည်ဟု မဆိုလိုခြင်းဖြစ်သည်။ ဤတွင် ပြဿနာ၏အရင်းအမြစ်၊ ဖြစ်စေသောအကြောင်းရင်းများနှင့်အတူ လွှမ်းမိုးနေသောအချက်များ၊ သက်ရောက်မှုပမာဏအတိုင်းအဆကို ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားဝေဖန်ဆန်းစစ်သုံးသပ်နိုင်စွမ်းရှိခြင်း critical thinking က အရေးကြီးပြီး ခေါင်းဆောင်တစ်ဦးထံတွင် မရှိမဖြစ်လိုအပ်သော စွမ်းရည်လည်းဖြစ်ကြောင်း အသိအမှတ်ပြုကြရပါမည်**

ရုံးဌာနအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ရသည့် အကြီးအကဲအရာထမ်းအားလုံးသည် မိမိတာဝန်ယူ၊ တာဝန်ခံရသည့်ရုံးဌာနအဖွဲ့အစည်းများ၊ ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းကြီးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အတူလက်တွဲဆောင်ရွက်နေကြသည့် လုပ်ဖော်ကိုင်ဖက် အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်မှုနှင့် အရည်အသွေးတိုးတက်ရေးတွင် တာဝန်ရှိကြပါသည်။ ထိုသို့ ခံယူထားသည့်အားလျော်စွာ သူတို့၏ တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည် တိုးတက်မှုရှိ/မရှိ၊ အားသာချက်၊ အားနည်းချက်များနှင့်တကွ အချိန်နှင့်တစ်ပြေးညီ အမြဲတမ်းဆန်းစစ်နေရပါသည်။ အခွင့်အလမ်းအပေါ်မူတည်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေရပါသည်။

### ၂၁- ရာစုစွမ်းရည်တစ်ခုဖြစ်

ဒီတစ်ပတ်မှာ အာရုံစိုက်မိသည်က "ခေါင်းဆောင်မှုစွမ်းရည်"နှင့်ပတ်သက်၍ဖြစ်သည်။ ခေါင်းဆောင်မှုက ယနေ့ခေတ်စားနေသော ယနေ့ခေတ်လူငယ်လူရွယ်များတွင် အလေးအနက်ထား ဖြည့်ဆည်းရမည့် ၂၁ ရာစုစွမ်းရည်များတွင် အပါအဝင်တစ်ခုလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံကိုခေါင်းဆောင်မည့်သူများအတွက် ခေါင်းဆောင်မှုအရည်အချင်းများက ယနေ့ကာလတွင် အရေးကြီးလာ၍ဖြစ်သည်။

ယနေ့ရုံးဌာနများတွင် အလယ်အလတ်အဆင့် အရာထမ်းအများစုတွင် လူငယ်များ နေရာယူလာနေသည့် အချက်ကလည်း ၂၁ ရာစုစွမ်းရည်များတွင် တစ်ခုအပါအဝင်ဖြစ်သော ခေါင်းဆောင်မှုစွမ်းရည်ကို မဖြစ်မနေဖြည့်ဆည်းရန် တာဝန်ရှိလာသည်။ တကယ်တော့ "ခေါင်းဆောင်မှု"ဆိုသော ခေါင်းစဉ်ကို ဝန်ထမ်းများအပါအဝင် ယနေ့လူငယ်လူကြီးစုံက နေရာစုံနယ်ပယ်စုံမှာ အဖန်တစ်ရာတေအောင် သင်ဖူးလေ့လာဖူး ကြားဖူးနာဖူးပြီး ဖြစ်ကြသည်။ သို့သော် လုံလောက်ပြီလားဆိုတော့ အချို့သောရလဒ်များက မရေရာမသေချာသော အဖြေများသာ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။ ထို့ကြောင့်လည်း ဒီတစ်ကြိမ်တွင် ရုံးတွင်းသင်တန်းတစ်ခုကို အခွင့်အလမ်းကောင်းအဖြစ်ရယူ၍ အလယ်အလတ်အဆင့် အရာထမ်းများကို အရေးကြီးသော ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်ပတ်သက်၍ ဆွေးနွေးဖြစ်ခဲ့သည်။

### သင်တန်းတစ်ခု၊ Survey ဆန်းစစ်မှုအကြောင်းပြု၍

ခေါင်းဆောင်မှုနှင့် ပတ်သက်၍ အတွေ့အကြုံမျိုးစုံ ကြုံတွေ့ရပြီးဖြစ်သော သင်တန်းသားများနှင့် သင်ကြားပို့ချသည်ပဲဆိုဆို၊ ဆွေးနွေးသည်ပဲဆိုဆို အတွေ့အကြုံများကို မျှဝေဖလှယ်ကြခြင်းတစ်ခုသာဖြစ်သည်။ ရလဒ်တစ်ခု ပေါ်ထွက်လာရန်လည်း ရည်ရွယ်သည်။ သုတေသနခေါင်းစဉ်အောက်မှာ စုပေါင်းအဖြေတစ်ခုရရှိလိုမှု အကြောင်းပြု၍ ခေါင်းဆောင်မှုဆိုင်ရာ ခြုံငုံလေ့လာမှု Survey တစ်ခုကို လုပ်ဖြစ်ကြသည်။ Survey တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၂၁ ခုမျှကို ထည့်သွင်းထားသည်။ အများစုက အရပ်ဘက်ဆိုင်ရာခေါင်းဆောင်မှုနှင့်ဆက်နွှယ်သော အင်္ဂါရပ်များဖြစ်သည်။

ရည်ရွယ်ချက်က ၅၃ ဦးသော သင်တန်းသားအရာရှိများအနေဖြင့် မိမိတို့အမှုထမ်း ဘဝ၊ အရာထမ်းဘဝ အတွေ့အကြုံများအပေါ်အခြေခံ၍ မိမိတို့ကိုယ်တိုင် ဖြည့်ဆည်းထားသင့်သည်ဟု ယူဆသော၊ အမှန်တကယ်လည်း အနာဂတ်ခေါင်းဆောင်လောင်းများအတွက် မဖြစ်မနေလိုအပ်ချက်တစ်ရပ်အဖြစ် ရှုမြင်ခံရသော အင်္ဂါရပ်များကို သင်တန်းသားများပေးသည့် ဦးစားပေးအချက်များအလိုက်ဖော်ထုတ်နိုင်ရန်ဖြစ်သည်။

### ဦးစားပေးအလိုက် ဖော်ထုတ်ခဲ့ကြသည့် အင်္ဂါရပ်များ

အမှန်လည်း သင်တန်းသားများက လက်တွေ့ကျကျဖော်ထုတ်နိုင်ခဲ့ကြပါသည်။ သူတို့ ဦးစားပေးအလိုက် လိုချင်သည့် အများဆုံးအမှတ်ပေးသည့်အချက်က "တာဝန်ယူတာဝန်ခံနိုင်မှု – responsibility and accountability" ဖြစ်နေသည်။ ဒုတိယ၊ တတိယ စသည်ဖြင့် အစဉ်လိုက်လိုအပ်မည့် အင်္ဂါရပ်များကို ရွေးချယ်ခဲ့ကြရာ "ပြဿနာကိုမှန်ကန်စွာဖြေရှင်းနိုင်စွမ်း"၊ "ပိုင်းခြားစိတ်ဖြာဆန်းစစ်နိုင်စွမ်း"၊ "ဆုံးဖြတ်နိုင်စွမ်းရှိမှု"၊ "ဆက်သွယ်ဆက်ဆံရေးကောင်းမွန်မှု"၊ "ကိုယ့်အလုပ်ပေါ်မှာ တက်ကြွရှင်လန်းပြီး စိတ်ဝင်စားမှုအပြည့်ဖြင့် လုပ်နိုင်စွမ်းအပြည့်ရှိသော"၊ " ရိုးသားဖြောင့်မတ်မှု"၊ "အမြင်ကျယ်ပြီး ကြိုတင်မြော်တွေး ဆောင်ရွက်နိုင်စွမ်း"၊ "အကောင်းမြင်စိတ်"၊ "စည်းရုံးလှုံ့ဆော် စေ့ဆော်နိုင်စွမ်း"၊ "ယုံကြည်စိတ်ချရမှု"၊ လိုအပ်လျှင် ကိုယ်ကျိုးစွန့်အနစ်နာခံလိုတဲ့ "သတ္တိ"၊ "ယဉ်ကျေးပြီးကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်မှု"၊ "ခံနိုင်ရည်ရှိပြီး လိုက်လျောညီထွေဖြစ်မှု"၊ "သည်းခံနိုင်မှု"၊ "နည်းပြကောင်းသဖွယ်ဖြစ်မှု"၊ "အခြေအနေဖန်တီးနိုင်စွမ်း"၊ "ပွင့်ပွင့်လင်းလင်းရှိခြင်း"၊ "ဖွံ့ဖြိုးမှုအမြင်ရှိခြင်း"၊ "တန်းတူညီမျှရှိမှု" နှင့် "ကျင့်ဝတ်လိုက်နာမှု" စသည့် အင်္ဂါရပ်များသည် သင်တန်းသားများ၏ ဦးစားပေးမှုအစီအစဉ်တွင် အစဉ်လိုက်နေရာယူခဲ့ကြသည်ကို တွေ့ရှိရသည်။

ဆန်းစစ်မှု အသေးစားလေးတစ်ခုသာဖြစ်ခဲ့သော်လည်း ဖော်ထုတ်ချက်များက စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သော လက်တွေ့နှင့်ကိုက်ညီသော အချက်များအဖြစ် ထင်ရှားလှသည်။ အမှန်မှာ ဖော်ပြပါအချက်များ အရည်အသွေးများအားလုံးတစ်ခုနှင့်တစ်ခု ချိတ်ဆက်နေကြသည်ကို သတိပြုမိသည်။ အင်္ဂါရပ်တစ်ခုက အခြားအင်္ဂါရပ်တစ်ခုကို အထောက်အကူပြုနေ၍ တစ်ခုကို ဖြည့်ဆည်းနိုင်လျှင် အခြားတစ်ခုက ပြည့်ဖို့များသည်။

### တာဝန်ယူ၊ တာဝန်ခံမှုဟူသည်

ချပြသော ခေါင်းဆောင်မှုလက္ခဏာများအနက် "တာဝန်ယူတာဝန်ခံမှု"ဟူသည်ကို ဘာကြောင့် ထိပ်ဆုံးမှာ နေရာပေးခဲ့ကြပါသလဲ။ ဖြည့်ဆည်းရမည့် လိုအပ်ချက်တစ်ခုအဖြစ် မြင်နေကြလို့ဖြစ်မည်။ သူတို့မြင်သောအမြင်မှန်ပါသည်။ ကဏ္ဍစုံနယ်ပယ်စုံမှာ ပို၍တိုးတက်အောင် ခံယူလေ့ကျင့်ရဦးမည့် ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်တစ်ခုအဖြစ်လည်း ထင်ထင်ရှားရှားပြသနေ၍ဖြစ်သည်။ တာဝန်ယူ တာဝန်ခံမှုအပိုင်းကို အရေးကြီးသော အချက်တစ်ခုအနေဖြင့် ကိုယ့်အဖွဲ့တွေက ထည့်သွင်းထား၍ ကျေနပ်မှုလည်းဖြစ်မိသည်။ အသိဖြင့်မပြီးဘဲ လက်တွေ့လိုက်နာကြဖို့တော့ ပြောယူရသည်။

တာဝန်ယူမှု ဆိုတာဘာလဲ၊ တာဝန်ခံမှုဆိုတာဘာလဲဆိုသည့် သဘောတရားကို ကျေညက်ကြ၍ ဆိုလိုချက်ကို ကောင်းစွာနားလည်နိုင်စွမ်းရှိကြပါသည်။ ပေးအပ်ထားသည့် တာဝန်တစ်ခုကို ဆိုးကျိုးဆက်နည်းနည်းဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်နိုင်ခြင်းသည် တစ်ဦးချင်းဆီမှာ တာဝန်ယူတာဝန်ခံမှုရှိ၍ဖြစ်သည်ကို ကောင်းကောင်းနားလည်ခံယူထားကြဟန်တူပါသည်။ "ရလဒ်အရည်အသွေးကောင်းကောင်းဖြင့် တာဝန်ယူတာဝန်ခံမှုရှိသည့် အရာရှိမျိုးကို သူတို့ပိုယုံကြည်ကြမယ်၊ ပို၍လည်း ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိမယ်"ဆိုတာ သူတို့ဆွေးနွေးချက်တွေက ပြသနေသည်။

တကယ်တော့ တာဝန်ယူ၊ တာဝန်ခံမှုဟူသော စကားနှစ်လုံးသည် ခေါင်းနှင့် ပန်းလိုတွဲနေသည်။ အဓိပ္ပာယ်ကိုတော့ နားလည်ကြသည်။ သို့သော် မည်သို့မည်ပုံ တာဝန်ယူကြမည်၊ မည်သို့တာဝန်ခံကြမည်ဆိုသည်မှာမူ ထွေပြားဟန်ရှိသည်။ မိမိ၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း၊ တာဝန်ပေးခြင်းခံရသည့် ရာထူးဌာနအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်အတွင်း တာဝန်ဝတ္တရားများကိုပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်မှုသည် တာဝန်ယူမှုဖြစ်ပြီး မိမိတာဝန်ယူမှု၏ အကျိုးဆက်အကောင်းအဆိုးအပေါ် မိမိမှာ တာဝန်ရှိမှုသည် တာဝန်ခံမှုပင်ဖြစ်သည်။

ရလဒ်မကောင်းလျှင် ဟိုလူဒီလူ လက်ညှိုးမထိုးတတ်ခြင်း၊ ဒီကိစ္စ ငါ့မှာသာတာဝန်ရှိသည်ဆိုခြင်း၏ နောက်ကွယ်တွင် ထိုသူတွင် တာဝန်ခံမှုရှိနေသည်ဟူ၍ အဓိပ္ပာယ်ထွက်သည်။ လက်တွေ့နယ်ပယ်အချို့တွင် တာဝန်မခံရဲ၍ တာဝန်မယူရဲခြင်းများကိုလည်း တွေ့မြင်နေရသည်။ မိမိလုပ်ရမည့်မိမိတာဝန်ကို တာဝန်ယူရဲပြီး တာဝန်ခံတတ်ကြရန် အထက်ပါ ခေါင်းဆောင်မှုကြန်အင်လက္ခဏာများနှင့် ကိုယ်ရည်ကိုယ်သွေးများကို ဦးစွာလေ့လာတည်ဆောက်ထားဖို့တော့လိုအပ်ကြောင်း ဆွေးနွေးဖြစ်သည်။ မိမိတို့လည်း အစဉ်လေ့ကျင့်ယူနေရသည်သာ၊ အဖွဲ့အစည်းရည်မှန်းချက်အောင်မြင်ရန် တစိုက်မတ်မတ်အားထည့်လုပ်ချင်သောသူအနေဖြင့် အစဉ်ကြိုးစားလေ့ကျင့်နေရမည်ဆိုသည်ကို ကောင်းစွာသဘောပေါက်ကြပါသည်။

### မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်စွမ်းခြင်း

အဖွဲ့အစည်း၏ ရည်မှန်းချက်အောင်မြင်ရန်သည် ထိရောက်သည့် ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်သူ၏ မှန်ကန်သောဆုံးဖြတ်ချက် decisive quality အပေါ်တွင် အဓိကမူတည်သည်။ ဆုံးဖြတ်ချက်ချနေတိုင်းလည်း မှန်ကန်နေသည်ဟု မဆိုလိုခြင်းဖြစ်သည်။ ဤတွင် ပြဿနာ၏အရင်းအမြစ်၊ ဖြစ်စေသော အကြောင်းရင်းများနှင့်အတူ လွှမ်းမိုးနေသောအချက်များ၊ သက်ရောက်မှုပမာဏအတိုင်းအဆကို ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားဝေဖန်ဆန်းစစ်သုံးသပ်နိုင်စွမ်းရှိခြင်း critical thinking က အရေးကြီးပြီး ခေါင်းဆောင်တစ်ဦးထံတွင် မရှိမဖြစ်လိုအပ်သော စွမ်းရည်လည်းဖြစ်ကြောင်း အသိအမှတ်ပြုကြရပါမည်။

### ပွင့်လင်းမှုနှင့် ရိုးသားဖြောင့်မတ်မှု

ပို့ချဆွေးနွေးသူနှင့် သင်တန်းသားဝန်ထမ်းများသည် ပွင့်လင်းမြင်သာသော ဆက်သွယ်ဆက်ဆံရေးနှင့် ရိုးသားဖြောင့်မတ်မှုဟူသော လက္ခဏာရပ်တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပုံကို ဆွေးနွေးခဲ့ကြပြီး ၎င်းအချက်များကိုလည်း ခေါင်းဆောင်ကောင်းတို့တွင် အထူးလိုအပ်သော အရည်အသွေးများအဖြစ်လည်း အသိအမှတ်ပြုကြသည့်အတွက် အားတက်မိပါသည်။ ဤအရည်အသွေးများကပင် ခေါင်းဆောင်က သူ့အဖွဲ့သားများ၏ တက်ကြွစွာဖြင့် လုပ်ချင်ကိုင်ချင်စိတ်ကို လှုံ့ဆော်ပေးနိုင်ပြီး တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချရသည့် အနေအထားတစ်ခုအထိ ရောက်ရှိသွားစေသည်ဟု ခံယူထားကြ၍ဖြစ်သည်။ ရိုးသားဖြောင့်မတ်မှုဟူသောဂုဏ်ပုဒ်သည် ပွင့်လင်းမြင်သာမှုကိုအားပေးပြီး ယင်းအချက်နှစ်ချက်ပိုင်ဆိုင်ထားသော အရာရှိတစ်ဦးအနေဖြင့် ကိုယ့်လက်အောက် အရာထမ်း၊ အမှုထမ်းများထံမှ မှန်ကန်သော တုံ့ပြန်မှုမျိုးရရှိရန်လည်း များစွာမခဲယဉ်းတော့ဟု ယူဆမိပါသည်။

### ကြိုတင်မြော်မြင် မြော်တွေးဆောင်ရွက်နိုင်စွမ်း

ယနေ့ခေတ်တွင် အနာဂတ်အမြင်ကို လှမ်းမြင်လှမ်းမျှော်နိုင်စွမ်းရှိမည့် vision ကောင်းသော ခေါင်းဆောင်များစွာ ပေါ်ထွန်းလာရေးအတွက် လေ့လာမှုအားကောင်းသော လူငယ်မျိုးဆက်များ မွေးထုတ်ရန် လိုအပ်နေပါသည်။ ရှင်းလင်းပြတ်သားသော အနာဂတ်မြင်ကွင်း အကျဉ်းအကျယ်နှင့်အတူ အပြုသဘောဆောင်သောအတွေးများကို ဆန့်ထုတ်နိုင်စွမ်းရှိသင့်သည်ဟု ယူဆပါသည်။

vision နှင့်အတူ proactive ဖြစ်ဖို့တော့ တတ်နိုင်သည့်ဘက်က မကြာခဏပြောဖြစ်သည်။ အများစုက ကိုယ့်အသိနှင့် ကိုယ်လုပ်မည်ဆိုတာထက် သူများခိုင်းမှ ပြောမှလုပ်နေကြသည့် reactive သမားကများသည်။ ကြိုတင်မြော်တွေး ဖြစ်လာနိုင်သည်များကို ကြိုလုပ်သင့်တာလုပ်ထားရမည် မဟုတ်ပါလား၊ ကြိုတင်လုပ်ထားဖို့ဆိုတာလည်း ကြိုတင်ပြီး လေ့လာသင်ယူထားမှုပင်ရသည်။ မဟုတ်လျှင် သူများခိုင်းမှ လုပ်ရသည့် အဖြစ်မျိုး အနုတ်လက္ခဏာဆောင်သွားနိုင်သည်။

မိမိက reactive လား၊ proactive လား ဆန်းစစ်ထားစေချင်သည်။ proactive သမားက ဘယ်အထိတာသွားသလဲဆိုတော့ responsiveness ဟူသည့် အလျင်အမြန် တုံ့ပြန်နိုင်စွမ်းရှိသည့် အရည်အသွေးအထိ တက်လှမ်းသွားသည်။ ဤလက္ခဏာကို reactive သမားများတွင်မတွေ့ရ။ တကယ်က ဖန်တီးနိုင်စွမ်းရှိပြီး ဆုံးဖြတ်နိုင်စွမ်းရှိသည့် အရည်အချင်းများက proactive ကို ပို၍အထောက်အကူပြုသည့်အတွက် ၎င်းအရည်အသွေးများပိုင်ဆိုင်ထားသူ အရာထမ်းများကို အထက်အကြီးအကဲများက ပို၍အားကိုးယုံကြည်ကြမည်သာဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

### လှုံ့ဆော်နိုင်စွမ်းနှင့် စိတ်အားထက်သန်မှု

အဖွဲ့အစည်းတစ်ခု သို့မဟုတ် ဌာနတစ်ခုမှာ တာဝန်ယူဦးဆောင်နေသူ တစ်ဦးအနေဖြင့် မိမိအဖွဲ့သား ဝန်ထမ်းများအပေါ် လှုံ့ဆော်စည်းရုံးမှုပေးနိုင်သူတစ်ဦးဖြစ်ချင်ကြမှာ သေချာပါသည်။ အထူးသဖြင့် ခက်ခဲပင်ပန်း ရှုပ်ထွေးနေသည့်အချိန်မှာဆိုလျှင် ဖြစ်သည်။ တစ်ခါတလေ ကိုယ့်အဖွဲ့တွေ စိတ်ဓာတ်ကျနေသည့် အခြေအနေမှာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ထိုအခါတွင် စိတ်ဓာတ်ကျနေသူဝန်ထမ်းကို ပြန်လည်တက်ကြွလာအောင် လှုံ့ဆော်မှုပြုရန် လိုအပ်လာပြီဖြစ်သည်။

ဒီအချိန်မှာ ခေါင်းဆောင်လုပ်သူ၏ အပြောနှင့် အလုပ်အားဖြင့် ကိုယ့်လူတွေရဲ့ စိတ်အလိုကို တက်ကြွအောင်လုပ်နိုင်သည့် စွမ်းရည်သည် အလွန်အရေးကြီးသည်ဆိုသည်ကို တက်ရောက်ဆွေးနွေးခဲ့သော သင်တန်းသားများက အသိအမှတ်ပြုကြပါသည်။ ဒီလိုအပြုအမူတွေကပဲ ကိုယ့်အဖွဲ့တွေအတွက် အားကျစရာတွေ အတုယူစရာတွေ ဖြစ်လာနိုင်ပါသည်။ မိမိကိုယ်တိုင် အလုပ်အပေါ်မှာ စိတ်အားထက်သန်သူ၊ ကိုယ့်အလုပ်ကို ဂုဏ်ယူတတ်သူ ခေါင်းဆောင်တစ်ဦးသည် ကျန်သူများကိုလည်း အလုပ်မှာ တက်ကြွအောင် ဂုဏ်ယူလာအောင် လုပ်ပေးနိုင်သူဖြစ်သည်။ ဦးဆောင်သူကို ဝန်ထမ်းများက မိမိတို့၏ စံပြုပုဂ္ဂိုလ် role model တစ်ဦးအဖြစ် သတ်မှတ်ထားသမျှ ဘယ်သောအခါမှ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မည်သို့မျှ လွဲချော်စရာမရှိတော့ဟု မြင်မိပါသည်။

### ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်းနှင့်အတူ လိုက်လျောညီထွေရှိမှု

တစ်ခါတစ်ရံ ဝန်ထမ်းများဟာ မိမိကို ပြောင်းလွယ် ပြင်လွယ်ဖြစ်ဖို့ တောင်းဆိုမှုတွေ ရှိလာတတ်ပါသည်။ ဒီအခါမှာ လိုအပ်လျှင် ပြန်စဉ်းစားဖို့ လိုပါသည်။ ရည်မှန်းချက်ပန်းတိုင်ကိုတော့ ပျောက်လို့မရဘဲ ချမှတ်ထားသည့် မူဘောင်အတွင်းမှာသာ မိမိ၏ လုပ်ငန်းစဉ်ကို တရားသေဆုပ်ကိုင်မထားဘဲ ကိုယ်ကျင့်တရားစံနှုန်းများကိုလည်း မပျက်ယွင်းစေဘဲဖြင့် ပြောင်းလွယ်ပြင်လွယ်ပြုနိုင်ပါသည်။

တူညီသောအခြေအနေတစ်ရပ် သို့မဟုတ် တူညီသောပတ်ဝန်းကျင်မှာ မူကိုမပျက်စေဘဲ အခြေအနေအချိန်အခါပေါ် မူတည်၍ ပြောင်းလွယ်ပြင်လွယ်ရှိမှု flexibility အလေ့အကျင့်ရှိသူသည် မတူညီသော အခြေအနေအရပ်ရပ် သို့မဟုတ် မတူညီသော ပတ်ဝန်းကျင်သို့ အခြေအနေအရရောက်သွားလျှင်သော်မှ လိုက်လျောညီထွေနေနိုင်စွမ်း adaptability ရှိလာမှုအထိ ကိုယ်စွမ်းကိုယ်စမြင့်တက်သွားနိုင်သည်ကို ယုံကြည်ကြစေလိုပါသည်။ အကြောင်းမှာ ခေါင်းဆောင်ဖြစ်ရန် နိုင်ငံခြားပညာတော်သင်တစ်ဦးစေလွှတ်ရန် ရွေးချယ်ရာတွင် လိုက်လျောညီထွေနေနိုင်စွမ်းရှိမှုကို အရည်အချင်းတစ်ရပ်အဖြစ် ယနေ့ကာလတွင် ပို၍ဆန်းစစ်မှုပြုလာကြသောကြောင့်ဖြစ်သည်။

### နည်းပြကောင်းတစ်ဦးဖြစ်ရန်လည်းလိုအပ်

သင်တန်းသားတွေထက် မိမိမှာ ပိုပြီး အရေးတကြီးတန်ဖိုးထားသည့် အင်္ဂါရပ်တစ်ခုကိုလည်း ရှေ့တန်းတင်၍ ဆွေးနွေးဖြစ်ခဲ့ပါသည်။ ခေါင်းဆောင်ကောင်းတစ်ဦးသည် မိမိဝန်ထမ်းများအပေါ် နည်းပြကောင်းတစ်ဦးလည်း ဖြစ်ရမည်ဟု ဆိုပါသည်။ ခေတ်ကာလအခြေအနေအရလည်း မရှိမဖြစ် အင်္ဂါရပ်တစ်ခုဖြစ်သည်ဟု ဆိုချင်သည်။ ယနေ့ခေတ် ဝန်ထမ်းအကြီးအသေး အတော်များများ၏ စွမ်းဆောင်ရည်မြင့်တက်နေရန်သည် စဉ်ဆက်မပြတ်လေ့ကျင့်ပေးနေမှုနှင့် တိုက်ရိုက်အချိုးကျပါသည်။

ဤတွင် မိမိဌာန မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်သည့် အရာရှိတစ်ဦးအနေဖြင့်ဆိုမူ မိမိ၏ဝန်ထမ်းများ၏ capacity နှင့် ၎င်းတို့၏ခံယူချက် မြင့်မားလာရန်နှင့် အစဉ်တိုးတက်နေရန်အတွက် မိမိကိုယ်တိုင်က နည်းပြ coach တစ်ဦးအဖြစ်လည်းကောင်း သို့မဟုတ် သင့်လျော်မှန်ကန်သည့် သင်တန်းများသို့ တက်ရောက်စေ၍ လေ့လာသင်ယူလိုစိတ်ရှိနေစေရန် အားပေးရန်လည်းကောင်း တာဝန်ရှိသည်ဟု ခံယူထားရမည်သာ ဖြစ်သည်။ သို့သော် ခေါင်းဆောင်တို့မည်သည် နည်းပြအဖြစ်သာမက တစ်ခါတစ်ရံ ကျောင်းသားအဖြစ်ပါ ခံယူထားသင့်သည်ကိုလည်း မမေ့စေလိုပါ။

### ဖွံ့ဖြိုးမှုအမြင်နှင့်အတူ တန်းတူညီမျှဖြစ်ရန်လိုအပ်

သာမန်နှင့်မတူသည့် ခေါင်းဆောင်များမှာ ရှိသင့်သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ယှဉ်၍ စဉ်းစားတွေးခေါ်ခြင်း development thinking အင်္ဂါရပ်ကတော့ စာရေးသူအနေဖြင့် ရှိသင့်သည်ထင်၍ ထည့်သွင်းထားသည့် အရည်အချင်းတစ်ခုပင်ဖြစ်သည်။ နဂိုရှိထားသည့် အခြေအနေမှာထက် ပိုပြီး တိုးတက်အောင်လုပ်ဖို့၊ နောက်ထပ် နောက်ထပ် စွမ်းရည်ရှိသည့် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးမြူနိုင်ရန်နှင့် လတ်တလော အလုပ်ပြီးမြောက်ရေး ရေတိုအောင်မြင်မှုအပြင် ပိုပြီးကောင်းသည့် အနာဂတ်ရည်မှန်းချက်များ ချမှတ်နိုင်အောင် အထိ ထက်ထက်သန်သန်ဖြင့် အမြဲစဉ်းစားတွေးခေါ်နေတတ်တာမျိုးဖြစ်သည်။

ဖွံ့ဖြိုးမှုအမြင်အားကောင်းသူမှာ အားလုံး၏ အရည်အချင်းများကို အသိအမှတ်ပြု၍ သူ့နေရာနဲ့သူအသုံးချ၊ တော်လွန်းသူနှင့် အားနည်းလွန်းသူများ အကြား အရည်အချင်းများကို တစ်ဦးနဲ့တစ်ဦး အလွန်အမင်း မကွာဟအောင် ဟန်ချက်ညီစွာ ထိန်းချုပ်စီမံထားနိုင်ရမည်ဖြစ်သည်။ ဤတွင် သင်တန်းသားအချို့လိုချင်သော ခေါင်းဆောင်ဆိုသူသည် "လက်အောက်အဖွဲ့သား အားလုံးအပေါ်တွင် ညီညွတ်မျှတစွာဖြင့် တန်းတူညီမျှရှိရမည်ဟူသော equity သဘောရှိသောသူပင်ဖြစ်သည်"ဆိုသည်ကို ဆွေးနွေးနိုင်ခဲ့ကြပါသည်။

သာတူညီမျှဆိုသည့် အင်္ဂါရပ်နှင့်အတူ ကိုယ့်အဖွဲ့တိုင်းကို တန်းတူညီမျှ ထားနိုင်ရမည်ဖြစ်ပါသည်။ အချိုးမပြေတာတွေ့၍လည်း မုန်း၍မဖြစ်၊ တစ်နေရာတည်း တစ်ဌာနတည်း ချစ်ခြင်း မုန်းခြင်း မထားရ၊ တော်ခြင်း မတော်ခြင်းဆိုပြီးလည်း မခွဲခြားသင့်၊ အားလုံးအပေါ်မှာ မျှမျှတတရှိရမည်ဖြစ်သည်။ လျစ်လျူရှုသင့်တာ လျစ်လျူရှု၍ ဥပေက္ခာပြုနိုင်ရမည်ဟု ဆိုလိုပါသည်။ ဤသို့မျှတမှုက ဝန်ထမ်းအားလုံးတွင် အောင်မြင်မှုကို ပို၍ရှေးရှုသည့် team work activities များစွာလုပ်နိုင်ရန်အထိ စုစည်းညီညွတ်မှုကို တည်ဆောက်သွားနိုင်မည်ဟု ခံယူထားစေလိုပါသည်။

ဆွေးနွေးမှုသဘောဆန်သည့် ဤသင်တန်းတွင် ဝန်ထမ်းအားလုံးတွင် ရှိရမည့် ကိုယ်ကျင့်တရားဆိုသည်ကိုလည်း ထည့်သွင်းဖြစ်ခဲ့သည်။ ကျယ်ပြန့်စွာ ဆွေးနွေးသင့်သည့် ကိုယ်ကျင့်တရားနှင့် ပတ်သက်လာလျှင် ခေါင်းဆောင်တစ်ဦးသည် မိမိ၏ ကိုယ်ကျင့်တရားကို အဖွဲ့အစည်း၏ချမှတ်ထားသော ကျင့်ဝတ်များနှင့် ထပ်တူထပ်မျှရှိနေရမှာဖြစ်သည်ဟု သဘောပိုက်ကြပါသည်။ ဒီအချက်ကိုလည်း မိမိရဲ့စွမ်းဆောင်ရည်မှာ အကဲဖြတ်ခံရမည့် ကိုယ်ကျင့်တရား စံနှုန်းတစ်ခုအဖြစ် လက်ခံကြပါသည်။

### ဆက်သွယ်ဆက်ဆံမှု စွမ်းရည်တစ်မျိုး

နောက်ဆုံး၊ နောက်ဆုံးမဟုတ်ပေမဲ့ အရေးကြီးလှသောအရည်အချင်းတစ်ခု၊ အထက်ပါ အရည်အချင်းအားလုံးရှိနေသော်လည်း သူမပါလျှင်မပြီး၊ သူပါမှသာ အောင်မြင်ဖို့ရန် ပိုသေချာသွားသည့် အင်္ဂါရပ်တစ်ခုကား ပြောဆိုဆက်ဆံရေး ခေါ် လူမှုဆက်ဆံရေးစွမ်းရည် Communication or Social skill ပင်ဖြစ်သည်။ လုပ်ငန်းခွင်မှာ အဆင်ပြေဖို့ ထိုစွမ်းရည်ကား မပါလျှင်မပြီးပါ။ တစ်ခါတစ်ရံ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်မှာ ကိုယ်က ဘယ်လောက်တော်နေတော်နေ ရလဒ်ကမကောင်း၍ ပြန်စိစစ်ကြည့်လျှင် မိမိမှာကော communication skill ဘက်တွင် ချို့ယွင်းနေပါသလား၊ ပြန်လည်စိစစ်သင့်လှပါသည်။

အရာထမ်းငယ်များအတွက် လုပ်ငန်းလည်ပတ်မှုမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်မည့် နည်းပညာကျွမ်းကျင်မှုများက ပိုအရေးကြီးသလို အလယ်အလတ်အရာထမ်းများအတွက်မူ Communication skill ကို ပို၍အလေးပေးရမည်ဟု ဆိုထားသည့်အတွက် မိမိအဆင့်သည် ပြောဆိုဆက်ဆံစွမ်းရည် မြင့်မားရေးကို ပိုအာရုံစိုက်ရမည့်အဆင့်ဟု ခံယူထားစေလိုပါသည်။ ၎င်းစွမ်းရည်မျိုး အားကောင်းလှသူသည် လူရာဝင်လူဝင်ဆံ့ပြီး အဖွဲ့ကို ပို၍ဦးဆောင်မှုပေးနိုင်သည်ကို တွေ့ရသည်။ ကိုယ်ပြောသည့်စကား အထက်လူကြီးနားပေါက်၍ လက်ခံလာအောင်ပြောနိုင်သည့်အပြင် လက်အောက်ငယ်သားကလည်း နားဝင်ပြီး အလုပ်လည်း ပြီးမြောက်ကာ ပြီးပြည့်စုံသောရည်မှန်းချက်သို့ ချောချောမွေ့မွေ့ရောက်ရှိသွားခြင်းသည် ဆက်ဆံမှုစွမ်းရည်ကောင်းခြင်း၏ ရလဒ်ပင်ဖြစ်သည်။

သို့သော် ကိုယ်သာတတ်၍ ကိုယ်ချည်းခံငြင်း ကိုယ်ကပဲပြောနေ၍မဖြစ်၊ မိမိငယ်သားများ၏ အမြင်များကိုလည်း အလေးထားနားထောင်တတ်ဖို့ လိုသလို သူတို့၏လုပ်ဆောင်ချက်အပေါ် တုံ့ပြန်မှု feedback ပေးရသည်ကိုလည်း မမေ့အပ်ဖို့လိုပါသည်။ ထို့ပြင် မိမိအဖွဲ့သားများတွင် နောက်ခံကြီးပြင်းခဲ့ရသည့် မတူသည့် ဘဝအတွေ့အကြုံ အမျိုးမျိုး ပညာ ဘာသာ လူမျိုး စသည်ဖြင့်လည်း ကိုယ်ရည်ကိုယ်သွေး ကွာဟမှုအပေါ်မူတည်၍ ဆက်ဆံရေးကောင်း၏ မကောင်း၏ ရှိနိုင်သည်ကို ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။

သို့ဖြင့် အားလုံးကိုပြန်၍ နိဂုံးချုပ်ကြပါစို့။ သင်တန်းတစ်ခု၊ survey တစ်ခုမှ ရလဒ်များကို အခွင့်အလမ်း opportunity အဖြစ်မှတ်ယူ၍ မိမိအရာထမ်း အနာဂတ်ခေါင်းဆောင်များအတွက် အားအင် strength များ ပြည့်ဝလာရန် ခေါင်းဆောင်မှု အရည်အချင်းအချို့ကို တတ်နိုင်သည့်ဘက်မှ မျှဝေလိုက်ခြင်းပင်ဖြစ်ပါသည်။ အားနည်းချက် weakness များကို အစဉ်သတိထားပြုပြင်နေမှသာ စိန်ခေါ်မှု challenges များကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဟုလည်း ခံယူထားသင့်ပါသည်။

မည်သူပင်ဖြစ်စေ အထူးသဖြင့် ခေါင်းဆောင်ဖြစ်လာလျှင် မိမိကိုယ်မိမိ power ပါဝါ အစွမ်းသတ္တိတော့ ရှိချင်ကြမှာ သေချာပါသည်။ ထို့ကြောင့် အထက်ပါတင်ပြခဲ့သော အရည်အချင်းများကို အသုံးချ၍ အောင်မြင်အောင်လုပ်နိုင်လျှင် မှန်ကန်မြဲမြံသော ပါဝါလည်း ရရှိလာမှာမလွဲပါကြောင်း ပြောလိုပါသည်။ မိမိပါဝါကို မိမိအရည်အသွေးများဖြင့်သာ တည်ဆောက်ယူရပါမည်။ ရာထူးဌာနန္တရကြောင့် ရရှိထားသော ပါဝါအပြင် အထက်ပါ ကိုယ်ပိုင်အရည်အသွေးများကိုပါ ပေါင်းစပ်လိုက်လျှင် ပို၍ပါဝါကြီးသွားပြီး လုပ်ငန်းအများစု အောင်မြင်ရန်ကို သေချာစေပါသည်။

မိမိရထားသည့်ရာထူးထက် မိမိ၏ personnel power က ပို၍တာရှည်မြဲမြံပြီး လူ့အဖွဲ့အစည်း အကျိုးကို ရေရှည်ပုံဖော်ပေးနိုင်ပါသည်။ အမှန်တော့ လူတိုင်းသည် ခေါင်းဆောင်ချည်းပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဦးဆောင်နေကြသူများဖြစ်သည်ကို မမေ့အပ်ဖို့လိုပါသည်။ မိမိကိုယ်မိမိ မဦးဆောင်နိုင်သူ၊ မထိန်းချုပ်နိုင်သူသည် သူများနောက်က လိုက်နေရမည်သာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် မရပ်တည်နိုင်သူသည် လူညံ့တစ်ဦးသာ ဖြစ်ပေမည်။ ကိုယ့်ကိုယ်ကိုယ်မှ မဦးဆောင်နိုင်သမျှတော့ အများကို ခေါင်းဆောင်မည့် ခေါင်းဆောင်ကောင်းလည်း မဖြစ်တန်ရာ။

သို့ဖြစ်၍ ခေါင်းဆောင်ကောင်းတို့မှာ ရှိအပ်သည့် ထိရောက်သည့် ခေါင်းဆောင်မှု အရည်အချင်းများနှင့်အတူ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်နှင့် မိမိလူ့အဖွဲ့အစည်းအတွက်ကော၊ မိမိနိုင်ငံအတွက်ပါ အောင်မြင်အောင် လုပ်ဆောင်ပေးကြမည့် ယုံကြည်စိတ်ချရသော အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်ကြပါစေဟူ၍သာ ... မျှော်လင့်မိပါသည်။ ။

**" မိမိဌာန မိမိအဖွဲ့အစည်း၏ ရည်မှန်းချက် ပန်းတိုင်ကို မျက်ခြည်မပြတ်သည့် အရာရှိတစ်ဦးအနေဖြင့်ဆိုမူ မိမိ၏ဝန်ထမ်းများ၏ capacity နှင့် ၎င်းတို့၏ ခံယူချက်မြင့်မားလာရန်နှင့် အစဉ်တိုးတက်နေရန်အတွက် မိမိကိုယ်တိုင်က နည်းပြ coach တစ်ဦးအဖြစ်လည်းကောင်း သို့မဟုတ် သင့်လျော်မှန်ကန်သည့်သင်တန်းများသို့ တက်ရောက်စေ၍ လေ့လာသင်ယူလိုစိတ်ရှိနေစေရန် အားပေးရန်လည်းကောင်း တာဝန်ရှိသည်ဟု ခံယူထားရမည်သာ ဖြစ်သည်။ သို့သော်ခေါင်းဆောင်တို့မည်သည် နည်းပြအဖြစ်သာမက တစ်ခါတစ်ရံ ကျောင်းသားအဖြစ်ပါ ခံယူထားသင့်သည်ကိုလည်း မမေ့စေလိုပါ "**

## (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၉**

စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး ဗဟိုသွေးလှူဘဏ်တွင် စက်တင်ဘာ ၂၆ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့သည်။

အဆိုပါသွေးလှူဒါန်းရာတွင် စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ တပ်ဖွဲ့မှူးရဲမှူးဇော်နိုင် ဦးစီး၍ အရာရှိ သုံးဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၃၀၊ မိခိုသူမိသားစုဝင် ၁၀ ဦး စုစုပေါင်း ၄၃ ဦးတို့သည် မန္တလေးပြည်သူ့ဆေးရုံကြီးဗဟိုသွေးလှူဘဏ်သို့ သွေးများလှူဒါန်းရာ ဗဟိုသွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစုလှိုင်ဦးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ အလားတူ စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး)မှ (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးသူနာပြု သင်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၉**
ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံ များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ထန်းတပင်တောရ ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ မြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရ ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝါးခယ်မကျောင်းတိုက်၊ ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်းမြို့ နယ်ရှိ ဘီးလင်းတိုက်သစ်ပရိယတ္တိ စာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေ ကျောင်းတိုက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ရတနာမဏ္ဍိုင်ပရိယတ္တိ စာသင်တိုက်နှင့် သာကေတ မြို့နယ်ရှိ ဇေတဝန်စာသင်တိုက် တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး ချမ်းအေးသာစံမြို့နယ် ရှိ ငြိမ်းချမ်းရေးပရိယတ္တိ စာသင် တိုက်နှင့် အောင်မြေသာစံမြို့နယ် ရှိ ရွှေရတနာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်း မြို့နယ်ရှိ သဒ္ဓမ္မသိင်္ဂီဇောတိသုခ ပရိယတ္တိစာသင်တိုက်နှင့် သင်္ဃန်း ကျွန်းမြို့နယ်ရှိ ရတနာသိင်္ဂီ ခရမ်း ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ရှိ လွယ်ခမ်းပါမိုးနဲ ကျောင်းတိုက် နှင့် လားရှိုးမြို့နယ်ရှိမဟာဗောဓာရုံ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံ များကိုလည်းကောင်း တာဝန်ရှိသူ များက သွားရောက်ဆက်ကပ် လှူဒါန်းသည်။ **သတင်းစဉ်**

## ချောက်မြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်

**ချောက် စက်တင်ဘာ ၂၉**
မကွေးတိုင်းဒေသကြီး ချောက် မြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ၂၆ ရက်က ချောက်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော် က အမှာစကားပြောကြားပြီး(ယာယုံ) အမှတ် (၂)လူကုန်ကူးမှု တားဆီး နှိမ်နင်း ရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ယာယီရဲမှူး ကျော်လင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဥပဒေအမှတ်(၄၁/၂၀၂၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေကို လည်းကောင်း၊ ဒုတိယ ရဲမှူး သန်းနိုင်ဦးက လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်း ခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ရပ်ကွက်/ကျေးရွာ အတွင်းနေ ကလေးသူငယ်များအား လူကုန် ကူးမှု ကျူးလွန်ခံရခြင်းမရှိစေ ရေး၊ အဓမ္မလုပ်အား ခိုင်းစေ ခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အား ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မ ပြည့်တန်ဆာ ပြုခြင်းများ ဖြစ်ပွားမှု မရှိစေရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာများ၊ ရပ်ရွာအခြေပြုလူကုန် ကူးခံရသူတွင် ဘေးအန္တရာယ် ရှိနိုင်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်အတွင်းရှိ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊ လူကုန် ကူးမှု အမျိုးအစားများစသည့်




လူကုန်ကူးမှု ဖြစ်ပွားရခြင်းနှင့် ဖြစ်ပွားစေနိုင်သည့် အကြောင်း ရင်းများကိုလည်းကောင်း အသိ ပညာပေး ဆွေးနွေးသည်။

အဆိုပါသင်တန်းကို ရပ်ရွာ အခြေပြု လူကုန်ကူးမှုစိစစ် ဖော်ထုတ်ရေး အဖွဲ့ဝင်များဖြစ် သည့် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုး သမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်း နွမ်ခမ်းခေါင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်း များ၊ သင်တန်းသား ၉၀ တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၂၆ ရက်မှ စက်တင် ဘာ ၂၈ ရက်အထိ ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**



## (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**
(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီး များနှင့် မှူခင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်နှင့်စာရေး ဝန်ထမ်းစုစုပေါင်း ၅၈၀ တို့က ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာ လှပရေးအတွက် အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများဖော်ခြင်းတို့ ဆောင်ရွက် ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သက်နိုင်နှင့် ရဲအရာရှိကြီးများ၊ ဆေးရုံ အုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးနှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ ဆေးရုံအုပ်ကြီးက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို လက်ဖက်ရည်၊ ကောက်ညှင်းပေါင်း၊ အကြော်စုံတို့ဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေး အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူ ၃၈၀ အား နွားနို့တိုက်ကျွေး

**လယ်ဝေး စက်တင်ဘာ ၂၉**
ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေး ရေး အထိမ်းအမှတ်အဖြစ် နေပြည်တော် လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန က လယ်ဝေးမြို့ အမှတ်(၂)အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို စက်တင်ဘာ ၂၈ ရက်တွင် နွားနို့ များတိုက်ကျွေးသည်။

နွားနို့များ တိုက်ကျွေးရာတွင် လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးထိန်လင်းက အမှာ စကားပြောကြားပြီး မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဗိုလ်မှူး မင်းကျော်သူက ကျောင်းသား ကျောင်းသူလေးများ နွားနို့ သောက်သုံးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အဖွဲ့ဝင်(၂) ဦးဝင်းအောင်က နွားနို့တွင်ပါဝင် သည့် ဗီတာမင်ဓာတ်များ အကြောင်း ရှင်းလင်းပြောကြား၍ အမှတ်(၂)အခြေခံပညာ အထက် တန်းကျောင်းမှ KG၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ကျောင်းသား ကျောင်းသူ ၃၈၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများက အသင့်သောက်နွားနို့ ဘူးများ ပေးဝေသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် အတွင်းရှိ အမှတ်(၁)နှင့် အမှတ် (၃) အခြေခံပညာကျောင်းများနှင့် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) စံဝါအောင်း ကျောင်းတို့တွင် နွားနို့ တိုက်ကျွေးနိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးဝင်းအောင် (စံဖွံ့ဖြိုးကုမ္ပဏီ) က ငွေကျပ် ခုနစ်သိန်းကို လှူဒါန်း သည်။ **မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မေမြတ်သူသည် ၎င်းအသုံးပြုသည့် “May Myat Thu” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်း များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူ များအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အဋ္ဌာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မိတ်ဆွေကောင်းများနှင့် နှစ်ပေါင်းများစွာ
- ၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း ‘မိမိနေအိမ်ကိုတည်ဆောက်ကြသူများ’
- ၁၃:၃၀ MRTV National News
- ၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၀ သုတဝေဖြာသီရိဂေဟာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၀ ‘အသက်ထက်မြတ်သောဂုဏ်သိက္ခာ’ ဆိုဗိုပြောဇာတ်တော်ကြီး(အပိုင်း-၃)
- ၁၉:၂၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု ‘တူယှဉ်နွှဲပျော်ဂီတပွဲတော် Season-2’ တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (အုပ်စု-ဂ)(ပွဲစဉ်-၅)
- ၂၃:၀၀ (၅၈)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း ‘ရောင်စဉ်တန်းတို့ထွန်းတောက်ချိန်’ (အပိုင်း-၃)

**mitv**

- 07:02 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Making a Living as Horticulturist
- 07:25 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Saga Worm Curry and Cricket and Termarind Paste Curry
- 07:47 Aesthetic Painting on Pathein Umbrella
- 08:01 News
- 08:27 Attractive New Destinations of Bagan
- 09:49 Kay Tu Mar Lar "The Decision"
- 09:00 Talent Show on a Maze of Xylophones
- 09:31 The Crocodiles of Meinmahla Island
- 10:28 Global Partnership for Brighter Future: Philippines Pavilion at Expo 2020 Dubai
- 10:34 Traditional Chin Clothes

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သီးနှံသစ်အတွက်ဆုတောင်းခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
သဖြူသီးဟင်းနှင့်ပုစွန်ကြော်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ဝါးထဲကပိုး

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထပ်အိမ်ဂူမှလင်းလက်လာမည့်ကြယ်ပွင့်လေးများ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဘာသာစကားပြောကြရအောင် (အသီးအနှံအခေါ်အဝေါ်များ)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၄)

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
မိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မိတ္ထီလာကန်သို့အလည်တစ်ခေါက်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ဒေသဝမ်းစာဖူလုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးရေးဆီ
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အလည်လွန် အလယ်လုပ် အလွဲဖြစ်’
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၃)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
- ၀၆:၅၀ ဂျုံစိုက်ပျိုးခြင်းမှသည် ဂျုံခမောက်ပြုလုပ်မည်
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၅၀ ကောက်ရိုးကိုအသုံးပြု၍ အာဟာရ ပြည့်ဝသောအစာတုံးပြုလုပ်ပုံ အဆင့်ဆင့်
- ၀၈:၂၀ စိုက်နည်းစနစ်ဖြင့်အထွက်တိုးမည့်ကြံ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁-၁၀-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၄၀) တွင် ဖခင်ဖြစ်သူက ရွှေပိုးသိချင်သော စကားထာရဲ့ အဖြေကို လက်တွေ့ပြပေးလိုက်သည့်အကြောင်း ရေးဖွဲ့ထားသည့် “နတ်သမီးလေးသောက်တဲ့ရေ” မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးကောင်းမွန်စေရန်အတွက် လိုအပ်သော အာဟာရဓာတ်များစွာပါဝင်သော နို့အကြောင်း ဗဟုသုတဖြစ်ဖွယ်ရေးသားတင်ပြထားသည့် “လူတို့အတွက် အာဟာရတန်ဖိုး မြင့်မားသောနို့” သုတကဏ္ဍ၊ အသားဟင်းကောင်းကောင်း စားချင်၍ ဆရာမအိမ်ကို လာလည်ပြီး ထမင်းစားမည်ဟု ဦးလေးဖြစ်သူကို ညာပြောထားသည့်အကြောင်း တင်ဆက်ထားသည့် “ရန်ပိုင်စိုး” နှစ်မျက်နှာကာတွန်းဇာတ်လမ်း၊ မောင်လေး၏ မုန့်များကို မြင်တိုင်း မြည်းကြည့်တတ်သည့် အစ်မနှင့် ငရုတ်သီးအစစ်ကို သကြားချောင်းငရုတ်သီးဟု ထင်မှတ်ကာ မြည်းမိသည့်အကြောင်း တင်ဆက်ထားသည့် “မြည်းဦးလေ” တစ်မျက်နှာကာတွန်း၊ လင်းယုန်၏ရန်မှ ရှဉ့်ညိုလေး၏အသက်ကို အကြံပေးကာ ကယ်တင်ပေးခဲ့သော မျောက်ညိုလေးသည် သူ၏ဝင့်ကြွားသော စကားသံကြောင့် ဒုက္ခရောက်ရပုံကို တင်ဆက်ထားသည့် “ဝင့်ကြွားတဲ့ မျောက်ညို”နှစ်မျက်နှာကာတွန်း၊ ညီအစ်ကိုနှစ်ယောက်သည် မိဘများ၏ အမွေများကို ညီတူညီမျှရရှိခဲ့သော်လည်း လောဘကြီးသည့် အစ်ကိုက ညီဖြစ်သူ၏ အမွေများကို လိုချင်၍ ကြံစည်ရာမှ ဒုက္ခရောက်ခဲ့ရပုံအကြောင်းကို တင်ဆက်ထားသည့် “လောဘမီး” နှစ်မျက်နှာကာတွန်း၊ မြန်မာတို့၏ အစဉ်အလာအတိုင်း သံဃာတော်များအား ဆွမ်းချက်လောင်းလှူသည့်အကြောင်း ရေးဖွဲ့ထားသည့် “မြန်မာ့ဂုဏ်” ကဗျာကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ ပုံပြင်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၉ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၄၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၃၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၅၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၄၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၂၅ ကျပ် | ၂၅၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၁၀ ကျပ် | ၂၆၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၉၀ ကျပ် | ၂၁၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၅ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၅၉ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၁၆၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၃ . ၀၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၃ . ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၅၀၀ | ၄၃၆ | ၄၁၅၅၁၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၇၅၂၈ | ၂၆၉၂၆၉၅၀ |
| MCB | ၇၇၀၀ | ၇၈၀၀ | ၁၆၄ | ၁၂၆၃၉၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀ | ၂၀၀၀၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၂၄၃ | ၆၇၅၄၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၂၀၂ | ၅၅၅၅၀၀ |
| AHP | ၅၃၀၀ | ၅၂၀၀ | ၁၄၅၀ | ၇၆၁၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ချူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရင်းနှီးမြှုပ်နှံမှုဗဟုသုတ

- **နိုင်ငံသားနဲ့ နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီအဖြစ် မှတ်ပုံတင်တဲ့အခါ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေနဲ့ သက်ဆိုင်တဲ့ရှယ်ယာခွဲဝေပုံ (ဒါမှမဟုတ်) ရာခိုင်နှုန်းအချိုးနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်တွေရှိပါသလား။**
- မြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေအကြားမှာ အကျိုးတူဖက်စပ်ကုမ္ပဏီတည်ထောင်တဲ့အခါ ရှယ်ယာခွဲဝေပုံနဲ့ ပတ်သက်ပြီး DICA ကနေ သတ်မှတ်ထားခြင်း မရှိပါဘူး။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ပုဒ်မ ၂၂ အရ ဖက်စပ်လုပ်ငန်းတစ်ခုမှာတော့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူအနေနဲ့ အနည်းဆုံးတိုက်ရိုက်အစုရှယ်ယာ သို့မဟုတ် အကျိုးစီးပွားအချိုးကို ၂၀ ရာခိုင်နှုန်း ထည့်ဝင်ရမယ်လို့ ဖော်ပြထားပါတယ်။ အကျိုးတူ ဖက်စပ်ကုမ္ပဏီတွေအတွက် ခွင့်ပြုရှယ်ယာ ခွဲဝေပုံအချိုးနဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို သိရှိလိုတယ်ဆိုရင် DICA ရဲ့ ဌာနခွဲတစ်ခုဖြစ်တဲ့ ကုမ္ပဏီရေးရာဌာနခွဲသို့ လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ core.gov.mm@gmail.com သို့ဖြစ်စေ အီးမေးလ်ပေးပို့ပြီးဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။
- **အများနဲ့ မသက်ဆိုင်တဲ့ကုမ္ပဏီ၊ အများနဲ့ သက်ဆိုင်တဲ့ကုမ္ပဏီတွေမှာ ထားရှိရမယ့် ရှယ်ယာရှင်အနည်းဆုံးနဲ့ အများဆုံး အရေအတွက်တွေကို သိလိုပါတယ်။**
- ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုမှာ ရှယ်ယာလွှဲပြောင်းရောင်းချမှုက အကန့်အသတ်ရှိပြီး ရှယ်ယာရှင်အရေအတွက်မှာ အနည်းဆုံး တစ်ယောက်ကနေ အများဆုံး အယောက် ၅၀ အထိ ထားရှိနိုင်ပါတယ်။ အများနဲ့သက်ဆိုင်သောကုမ္ပဏီမှာတော့ ရှယ်ယာရှင် အနည်းဆုံး တစ်ဦး ထားရှိဖို့လိုအပ်ပြီး အများဆုံးဦးရေ သတ်မှတ်ချက်တော့ မရှိကြောင်း သိရှိရပါတယ်။
- **ကုမ္ပဏီတွေမှာ မှတ်ပုံတင်ပြီးနောက် ချက်ချင်းလုပ်ငန်းလည်ပတ်တာတွေကို စတင်လုပ်ဆောင်လို့ရပါသလား။**
- လုပ်ငန်းနဲ့ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေကနေ လုပ်ငန်းလိုင်စင်ရရှိဖို့ လိုအပ်တဲ့ကုမ္ပဏီတွေကလွဲပြီး ပုဂ္ဂလိကကုမ္ပဏီတွေဟာ ကုမ္ပဏီဖွဲ့စည်းခွင့် အသိအမှတ်ပြုလက်မှတ် ရရှိပြီးတဲ့နောက် လုပ်ငန်းလည်ပတ်မှုတွေကို ချက်ချင်းစတင်ဆောင်ရွက်လို့ရပါတယ်။ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီမှာတော့ လုပ်ငန်းလည်ပတ်မှုတွေ မဆောင်ရွက်ခင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရရှိဖို့ အလားအလာညွှန်းတမ်းအစား ကုမ္ပဏီလုပ်ငန်းဖော်ပြချက်တစ်စောင် တင်ပြရမှာဖြစ်ပါတယ်။ ထိုလက်မှတ်ရရှိမှသာ လုပ်ငန်းစတင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အလားအလာညွှန်းတမ်း တင်ပြပြီးမှ အများပြည်သူကို အစုရှယ်ယာတွေ ဖိတ်ခေါ်နိုင်မှာ ဖြစ်ပါတယ်။

**(ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အချက်အလက်များရယူပါသည်)**

## ကူမင်းမြို့၌ (၆) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန် - သွင်းကုန်ပြပွဲ ကျင်းပမည်

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အတွင်း (၆) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၆) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်-သွင်းကုန် ကုန်စည်ပြပွဲများကို အွန်လိုင်းမှ တစ်ဆင့်နှင့် မြေပြင်အခမ်းအနား နှစ်မျိုးစလုံးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်နှင့် တောင်အာရှနိုင်ငံများ၏ ကုန်သွယ်ရေးအာဏာပိုင်များက ပူးပေါင်းကျင်းပမည်ဖြစ်သည်။ ကုန်စည်ပြပွဲတွင် စတုရန်းမီတာ ၁၃၀၀၀၀ ရှိပြပွဲခန်းမအတွင်း အစိမ်းရောင်စွမ်းအင်၊ ဇီဝဆေးပညာနှင့် ဆေးပညာ၊ အဆင့်မြင့်လယ်ယာကုန်ထုတ်လုပ်ငန်း၊ ဒစ်ဂျစ်တယ်စီးပွားရေး စသည့် ပြခန်းကြီး ၁၃ ခု ပါဝင်မည်ဖြစ်ကြောင်း သိရသည်။



ပြီးခဲ့သည့် (၅)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲမှ ပြခန်းတစ်ခု။

အွန်လိုင်းပြပွဲကိုလည်း www.csa-expo.com မှတစ်ဆင့် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည့်အပြင် ၂၀၂၂ GMS စီးပွားရေးစင်္ကြံအုပ်ချုပ်ရေးမှူးများဖိုရမ်၊ (၃) ကြိမ်မြောက် တရုတ် - တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်၊ (၁၀) ကြိမ်မြောက် ယူနန် - တိုင်ပေ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှု ညီလာခံအပါအဝင် ဖိုရမ်များနှင့် တိုက်ရိုက်ထုတ်လွှင့်မှုလှုပ်ရှားမှုများ၊ (၁၅)ကြိမ်မြောက် တရုတ် - တောင်အာရှ စီးပွားရေးဖိုရမ်နှင့် (၁၈) ကြိမ်မြောက် အာဆီယံနိုင်ငံရပ်ခြား တရုတ်လုပ်ငန်းရှင်များ ညီလာခံကိုလည်း အွန်လိုင်းနှင့် အော့ဖ်လိုင်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း ကူမင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

၀၀၈

## မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်ဈေးကွက်သို့ ပိုမိုဝင်ရောက်ခွင့်ရရှိရန် စီမံကိန်းချဆောင်ရွက်နေ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် "Project on Standardization for potential agricultural products export to Japan" စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူးက ဦးဆောင်၍ ကျင်းပခဲ့သည်။

အဆိုပါလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် စီမံကိန်းသည် ယခင်ဘဏ္ဍာနှစ်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်ခဲ့သော စီမံကိန်းနှင့်မတူဘဲ အဆင့်ဆင့်ဆောင်ရွက်ရမည် ဖြစ်သဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ စီမံကိန်းကာလကို သုံးလသတ်မှတ်ထားပြီး ရည်ရွယ်ချက်မှာ မြန်မာ့လယ်ယာထွက်ကုန်များ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်ကာ ဂျပန်နိုင်ငံဈေးကွက်သို့ ဝင်ရောက်နိုင်စေရန်၊ ဂျပန်နိုင်ငံဈေးကွက်သို့ စံချိန်မီတင်ပို့နိုင်ရေးအတွက် ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တစ်လျှောက် စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေးရန်၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှုတိုးမြင့်လာစေရန်၊ ၎င်းနှင့်ပတ်သက်၍ အာဆီယံ - ဂျပန်စင်တာ(AJC)မှ သီးခြားစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့်အတွက် ၎င်းအစား အလားအလာရှိသော အခြားကုန်ပစ္စည်းအမယ်တစ်ခုကို အစားထိုးရွေးချယ်သွားရန်စသည်ဖြင့် စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာနတာဝန်ခံနှင့် ကျွမ်းကျင်သူများက အွန်လိုင်းနှင့် အော့ဖ်လိုင်းအနေဖြင့် တက်ရောက်ခဲ့ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

**၀၀၈**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်၊ ပေါ်ဆန်းဆန်အချို့၊ မတ်ပဲ၊ ပဲစင်းငုံနီနှင့် ကုလားပဲခြမ်းဈေးနှုန်းများ ကျဆင်းလာသည်။**

### စားအုန်းဆီ

စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရန်ကုန်အထိုင် ရည်ညွှန်းလက်ကားဈေးမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၆၆၀ နှုန်းဖြစ်ပြီး တစ်ပိဿာ ငွေကျပ် ၃၀ ဈေးထပ်ကျလာသည်။

ပြင်ပစားအုန်းဆီ အလှယ်ဈေးနှုန်းမှာ စက်တင်ဘာ ၂၈ ရက်တွင် လက်ငင်းလက်ကား တစ်ပိဿာကျပ် ၇၅၀၀ နှုန်းသာရှိပြီး ဆီသား ၁၀ ပိဿာ သံပုံးတစ်ပုံး လက်ကားဈေးနှုန်းမှာ တံဆိပ်အပေါ်မူတည်၍ ငွေကျပ် ၇၅၀၀၀ မှ ၇၆၀၀၀ အတွင်းရှိကာ ကန်ဆီနှင့် ပုံးဆီ ဈေးနှုန်းတူနေသည်။

### ဆန်

မိုးစပါးသစ်များကြိတ်ခွဲ၍ ဆန်ကြမ်းအသစ်များ ဈေးကွက်သို့ဝင်ရောက်မှုများလာသည်။ စက်တင်ဘာ ၂၈ ရက်တွင် ပြည်ပပို့ဆန်ကွဲတစ်အိတ် ငွေကျပ် ၄၁၀၀၀/ ၄၂၀၀၀၊ မိုးဆန်ကြမ်းအသစ် တစ်အိတ် ငွေကျပ် ၄၂၀၀၀ / ၄၃၀၀၀၊ သီးထပ်ဆန်ကြမ်း အဟောင်း ငွေကျပ် ၄၅၀၀၀၊ ရက် ၉၀ ဆန်ကြမ်း ရှယ်အဟောင်း ငွေကျပ် ၄၉၀၀၀၊ ပေါ်ကြွဲတစ်အိတ် ငွေကျပ် ၅၄၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ငွေကျပ် ၉၂၀၀၀၊ မြောင်းမြပုသိမ်ပေါ်ဆန်းတစ်အိတ် ငွေကျပ် ၆၈၀၀၀/၇၀၀၀၀၊ ဖျာပုံပေါ်ဆန်းတစ်အိတ် ငွေကျပ် ၆၂၀၀၀/ ၆၃၀၀၀ နှုန်း ရှိနေသည်။ မြောင်းမြနှင့် ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ စီ ဈေးကျလာသည်။

### ပဲအမျိုးမျိုး

စက်တင်ဘာ ၂၈ ရက်တွင် မတ်ပဲ(FAQ/RC) တစ်တန် ကျပ် ၁၉၄၀၀၀၀၊ SQ/RC တစ်တန် ကျပ် ၂၂၉၅၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၂၀၉၅၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာငွေကျပ် ၄၁၂၅-၄၄၀၀ နှုန်းရှိနေသည်။ ကုလားပဲခြမ်းဈေးမှာ ကျပ် ၄၄၀၀-၄၆၀၀ နှုန်းမှ ဈေးကျလာခြင်းဖြစ်သည်။

### ကြက်သွန်နီ

စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။ စက်တင်ဘာ ၂၈ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာ ငွေကျပ် ၂၄၀၀-၂၇၅၀ နှုန်း၊ မြင်းခြံကံဆင့် ငွေကျပ် ၂၇၀၀-၃၂၀၀ နှုန်းရှိပြီး ဆိပ်ဖြူကုန်စည်ဈေးကွက်တွင် တစ်ပိဿာအမြင့်ဆုံးဈေး ငွေကျပ် ၂၅၅၀၊ ပခုက္ကူ ကုန်စည်ဈေးကွက်တွင် အမြင့်ဆုံး တစ်ပိဿာ ၂၇၂၅ ကျပ်နှုန်းသာ ရှိသည်။

### ကြက်သွန်ဖြူ

ကြူကုတ်ကြက်သွန်ဖြူဈေး ထပ်မံကျဆင်းလာရာ စက်တင်ဘာ ၂၈ ရက်တွင် လက်ကားတစ်ပိဿာ ကျပ် ၃၈၀၀ နှုန်းသာရှိသည်။ ရှမ်းအောင်ပန်းကြက်သွန်ဖြူမှာ လက်ကားတစ်ပိဿာ ငွေကျပ် ၂၈၀၀-၃၂၀၀-၃၅၀၀-၃၈၀၀ နှုန်း ရှိနေသည်။

### အာလူး

တရုတ်အာလူးသည်လည်း ဈေးနှုန်းထပ်မံကျဆင်းလာရာ စက်တင်ဘာ ၂၈ ရက်တွင် လက်ကားတစ်ပိဿာ ငွေကျပ် ၁၉၅၀ နှုန်းသာရှိပြီး ရှမ်းအောင်ပန်းအာလူးမှာ လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀- ၂၁၀၀ နှုန်းရှိနေသည်။

### ငရုတ်

အသစ်ထွက်ပေါ်နေသော ရမည်းသင်းနှင့် ပျော်ဘွယ်၊ သဲတော၊ သာစည် မိုးထောင်ငရုတ် လက်ကားတစ်ပိဿာဈေး ငွေကျပ် ၁၅၅၀၀၊ ပန်းရဲနှင့် မြားနီငရုတ်ရှည် အအေးခန်းထုတ်လက်ကား တစ်ပိဿာ ငွေကျပ် ၁၈၅၀၀-၁၉၀၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ရှည် ရိုးရိုးစ ငွေကျပ် ၁၄၅၀၀-၁၅၅၀၀၊ စိမ်းစားငရုတ်ပွရိုးရိုး ငွေကျပ် ၁၇၀၀၀၊ စိမ်းစားငရုတ်ပွအအေးခန်းထုတ် ငွေကျပ် ၁၈၀၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွအအေးခန်းထုတ် ငွေကျပ် ၁၈၅၀၀-၁၉၅၀၀၊ မြစ်ဝငရုတ်ပွအအေးခန်းထုတ် ငွေကျပ် ၁၉၀၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

## တရုတ်နိုင်ငံ ဟိုင်နန်အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဇုန်ရှိ RCEP Business Services Center ဖွင့်

**ပေကျင်း စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံ၏ RCEP Business Services Center ဖွင့်ပွဲကို ဟိုင်နန်ပြည်နယ် ဟိုက်ခိုမြို့ ဟိုင်နန်အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်ရှိ ညီလာခံခန်းမ၌ စက်တင်ဘာ ၂၃ ရက်က Virtual စနစ်ဖြင့် ကျင်းပရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဒ်မူတာကပေါ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Guo Chunshui က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် တရုတ်-အာဆီယံ ဗဟိုဌာန RCEP အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ RCEP နိုင်ငံသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ စီးပွားရေးသံမှူးများနှင့်အတူ ပါဝင်ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံအား RCEP အဖွဲ့ဝင်အဖြစ် ယခုနှစ်မေလတွင် တရုတ်နိုင်ငံက ပထမဆုံး အသိအမှတ်ပြုခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် RCEP မူဘောင်အောက်တွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးခဲ့သည်။

RCEP Business Services Center ကို ဟိုက်ခိုမြို့နှင့် ပေကျင်းမြို့တို့တွင် တာဝန်ရှိသူများက တစ်ပြိုင်နက် ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါစင်တာသည် RCEP နိုင်ငံများက ဟိုင်နန်ပြည်နယ်သို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် တရုတ်နိုင်ငံ၏ ပြတင်းပေါက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် RCEP နိုင်ငံများ၏ ထုတ်ကုန်များအတွက် ဈေးကွက်တစ်ခုအဖြစ် ဖန်တီးပေးသွားမည်ဖြစ်ကြောင်း သိရသည်။




## အာဖဂန်နစ္စတန်၌ ငွေကြေးတည်ငြိမ်စေရေးအတွက် ဗဟိုဘဏ်က ကန်ဒေါ်လာ ၁၂ သန်း ရောင်းချပေး

အာဖဂန်နစ္စတန်၌ ငွေကြေးတည်ငြိမ်စေရေးအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်းကို လေလံတင်ရောင်းချခဲ့ကြောင်း အာဖဂန်နစ္စတန် ဗဟိုဘဏ် (DAB) က ပြောကြားသည်။

နိုင်ငံခြားငွေကြေးလဲလှယ်ရေးဈေးကွက်များအတွင်း အထူးသဖြင့် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် အာဖဂန်ငွေကြေးမှာ အလွန်အမင်း ဈေးနှုန်းကျဆင်းနေသည့်ကြားမှ ယခုလို ဗဟိုဘဏ်၏ ဆုံးဖြတ်ချက် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း နိုင်ငံတကာသတင်းများအရ သိရသည်။

ယခုလဆန်းပိုင်းက အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် အာဖဂန်ငွေ ၈၈ ရှိခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင်မူ ၈၈ ဒသမ ၇၇ အထိ မြင့်တက်လာခဲ့သည်ဟု စောင့်ကြည့်သူများက ဆိုထားပြီး ဗဟိုဘဏ်က အလားတူ ဆောင်ရွက်မှုမျိုးအဖြစ် လွန်ခဲ့သော သီတင်းပတ်နှစ်ပတ်ကလည်း အမေရိကန်ဒေါ်လာ ၁၂ သန်းကို လေလံတင်ရောင်းချထားခဲ့ဖူးသည်။

သို့ရာတွင် စစ်မက်ဒဏ်ခံစားနေရသော အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်သူများအတွက် အလုပ်အကိုင်များ ဖန်တီးရန် ဒေသတွင်းနှင့် နိုင်ငံခြား ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုမပြုပါက အာဖဂန်ငွေကြေးနှင့် နိုင်ငံခြားငွေကြေး လဲလှယ်ရာတွင် တန်ဖိုးဆက်လက်ကျဆင်းနိုင်မည်ဟု လေ့လာသူများက ခန့်မှန်းနေကြသည်။

## ကမ္ဘောဒီးယား အထည်ချုပ်စက်ရုံလုပ်သားများအတွက် အနည်းဆုံးလုပ်ခလစာ ဒေါ်လာ ၂၀၀ ခန့်အထိ သတ်မှတ်

**ဖနောင်ပင် စက်တင်ဘာ ၂၉**

ကမ္ဘောဒီးယားနိုင်ငံ၏ အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းကဏ္ဍရှိ လုပ်သားများအတွက် လစဉ်အနည်းဆုံး လုပ်အားခနှုန်းထားသည် လက်ရှိတွင် အမေရိကန် ဒေါ်လာ ၁၉၄ ဒေါ်လာရှိရာမှ ၃ ဒသမ ၀၉ ရာခိုင်နှုန်း တိုးမြှင့်ကာ ၂၀၂၃ ခုနှစ်မှစ၍ အမေရိကန်ဒေါ်လာ ၂၀၀ ခန့်အထိ သတ်မှတ်လိုက်ကြောင်း အလုပ်သမားဝန်ကြီးက စက်တင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အနည်းဆုံး လုပ်အားခဆိုင်ရာ အမျိုးသားကောင်စီက လာမည့်နှစ်အတွက် တစ်လလျှင် အနည်းဆုံးလုပ်အားခကို အမေရိကန်ဒေါ်လာ ၁၉၈ ဒေါ်လာခန့် ဆန္ဒပြုခဲ့ရာ အစိုးရက အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ ထပ်ပေါင်းပေးခဲ့ပြီးနောက် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းအနည်းဆုံး လုပ်အားခအသစ်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင် သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။


ကမ္ဘောဒီးယားနိုင်ငံမှ အထည်ချုပ်စက်ရုံလုပ်ငန်းခွင်တစ်ခု။

အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းကဏ္ဍရှိ လုပ်သားများသည် လုပ်အားခအပြင် ပုံမှန်အလုပ်ဆင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ငှားရမ်းခနှင့် လုပ်သက်ဆုကြေးအတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာမှ ၃၂ ဒေါ်လာအထိ အပိုအကျိုးခံစားခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

## ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ကုန်သွယ်မှုပလက်ဖောင်းသစ် စတင်မည်

**ဘန်ကောက် စက်တင်ဘာ ၂၉**

ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ လုပ်ငန်းစဉ်များကို အခြားမိတ်ဖက်နိုင်ငံများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဒစ်ဂျစ်တယ်ကုန်သွယ်မှု ပလက်ဖောင်း (National Digital Platform-NDTP)ကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ထိုင်းဘဏ်များအသင်း အထွေထွေမန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ပလက်ဖောင်းမှာ ထိုင်းစီးပွားရေး လုပ်ငန်းများအား နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများကဲ့သို့ ဒစ်ဂျစ်တယ်စီးပွားရေးကို ကူးပြောင်းဆောင်ရွက်နိုင်ရန် အထောက်အပံ့ ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါ ပလက်ဖောင်းတွင် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်း အသီးသီးတို့က စာရွက်စာတမ်း အထောက်အထားများကို အတူတကွ လွှင့်တင်နိုင်မည်ဖြစ်ပြီး အဆိုပါ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒစ်ဂျစ်တယ်ကုန်သွယ်မှု ပလက်ဖောင်း (NDTP) တွင် သီးခြားတင်ပြ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အချိန်နှင့် ငွေကြေးကုန်ကျမှုများကို သက်သာစေမည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ အဓိကသော့ချက်ဖြစ်သည့် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည့် (Ease Of Doing Business) ကိုလည်း တိုးတက်လာစေမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

ထိုင်းနိုင်ငံ စက်မှုအသင်းချုပ် ညွှန်ကြားရေးမှူးချုပ်က NDTP ပလက်ဖောင်းကို စင်ကာပူနိုင်ငံ၏ NTP ပလက်ဖောင်းနှင့် ဂျပန်နိုင်ငံ၏ Yrade Waltz တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ NDTP ပလက်ဖောင်း၏ Soft Launch လွှင့်တင်မှုကို လာမည့် နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် အာရှ- ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (APEC) တွင် တင်ပြသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

NDPT ပလက်ဖောင်းသည် စီးပွားရေးလုပ်ငန်းများအတွက် စာရွက်စာတမ်း လုပ်ငန်းစဉ်များကို လွယ်ကူစွာ ဆောင်ရွက်နိုင်မည့်အပြင် အနာဂတ် ကုန်သွယ်မှု အခွင့်အလမ်းများကို ရှာဖွေရန်အတွက် ဒေတာစင်တာတစ်ခုလည်း ဖြစ်သည်။ ပလက်ဖောင်းအား ပထမအဆင့်(၁) စမ်းသပ်မှုအနေဖြင့် ထိုင်းကုမ္ပဏီများ၏ နယ်ပယ်သုံးရပ်ဖြစ်သည့် e-purchase order, e-invoice, e-packing list ကဲ့သို့သော စီးပွားရေးဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ၊ သယ်ယူပို့ဆောင်ရေး စာရွက်စာတမ်းများအပြင် အခြားအစိုးရအာမခံဆိုင်ရာ အထောက်အထားများ ပါဝင်မည်ဖြစ်သည်။

အဆိုပါ NDPT ၏ အီလက်ထရွန်နစ် အထောက်အထားများကို UN နှင့် CEFACT ၏ အီလက်ထရွန်နစ် စီးပွားရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးစံနှုန်းများနှင့်အညီ တိုးတက်အောင် အဆင့် ငါးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပလက်ဖောင်းအား အသုံးပြုခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများအပေါ် တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှု ရှိလာစေမည်ဖြစ်ပြီး စာရွက်စာတမ်း အထောက်အထားများ တင်ပြခြင်းကို အီလက်ထရွန်နစ်ဖိုင်များအဖြစ် ကူးပြောင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ထိုင်းကုမ္ပဏီများအနေဖြင့်လည်း ကမ္ဘာ့ဒစ်ဂျစ်တယ်ကဏ္ဍတွင် အခြားနိုင်ငံများနှင့် ပူးပေါင်းပါဝင်လာနိုင်မည်ဖြစ်ပြီး စံပြဖြစ်စေမည့် ပလက်ဖောင်းတစ်ခုကို တည်ထောင်နိုင်ရေး ရှာဖွေလုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။




သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက် စွဲ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ လ ၃၀ ရက်)

၁။ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၃)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက်“ည”အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၃၃၄၇၅၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၃၃၄၇.၅၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၂၃၄၃.၂၅၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၇၈.၀၅၀) ကို ပြန်လည်ချီးမြှင့် ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၂) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၄) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၇) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၀) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၂) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၂၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၁၆၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၇၈.၀၅၀)မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၃) | ဆု |
| (၂) | ကျပ်သုံးသိန်း | = | (၅၀) | ဆု |
| (၃) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာ ကျပ်ငါးသောင်း ဆုမဲများအပြင် အက္ခရာနှင့် ရှေ့ဂဏန်းတစ်လုံးတူပါက ကျပ်တစ်သောင်းဆုများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသောဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေစုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၁၀-၂၀၂၂) ရက်နေ့(စနေနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

---

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်စီမံကိန်း/ဌာနခွဲများတွင် အသုံးပြုရန် လိုအပ်သော စက်သုံးဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 024/DHPI/Fuel/2022-2023 | At Site |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၃၀-၉-၂၀၂၂ရက်၊ သောကြာနေ့

၃။ **တင်ဒါရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း

၄။ **တင်ဒါတင်သွင်းရမည့်ရက်နှင့် အချိန်** - ၂၀-၁၀-၂၀၂၂ရက်၊ ကြာသပတေးနေ့ မွန်းတည့် ၁၂:၀၀နာရီမတိုင်မီတင်သွင်း ရမည်။

၅။ **တင်ဒါရောင်းချ/တင်သွင်းရမည့် နေရာ** - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ သုံးထပ်ဆောင်၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၂

ဒေါ်သင်းသင်းမြတ် **နှင့်** တကက လဖိုင်တွဲဝါ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ တကကလဖိုင်တွဲဝါ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သင်းသင်းမြတ်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(၈၈-၇)၊ ဦးပိုင်(၄၄)၊ ထွန်တုံးရပ်ကွက်၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်၍အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖွဲ့နေလအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

---

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၂/၂)၊ ဦးပိုင်အမှတ်(၈၈/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကွက်သည် မူလက ဦးသောင်းစိန်အမည်ဖြင့် ၁-၆-၂၀၁၈ရက်ထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးသောင်းစိန်သည် ၁၈-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ညွန့်ကြည်က ၁၅-၆-၂၀၂၀ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၁၅၇/၂၀၂၀)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ညွန့်ကြည် ၁/မကန(နိုင်)၀၂၅၂၁၂အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တာ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မငွေးရီ ၁၁/ရသတ(နိုင်)၀၉၆၀၁၉ ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းစိုးမောင် ၁၁/မတန(နိုင်)၀၁၂၇၀၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြင့်နိုင် ၁၁/စတန(နိုင်)၁၃၅၇၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စောနေလင်း ၁၁/ရသတ(နိုင်)၀၈၂၉၆၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

---

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၂/ပဒေသာ၊ ဦးပိုင်အမှတ်(၅၉၂)၊ မြေယာအမှတ်(592)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းရီ ၁၃/တယန(နိုင်)၀၁၄၆၉၂ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် မ-၂/ပဒေသာ၊ ဦးပိုင်အမှတ်(၄၉+၅၀)၊ မြေကွက်အမှတ်(မ-၂/၄၉+၅၀)၊မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးအေးကို ၉/ညဥန(နိုင်)၀၀၅၃၀၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် ၇/ပဒေသာ၊ ဦးပိုင်အမှတ်(၅၈)၊မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မြေငှားဂရန် (ဂရန်သစ် ) လျှောက်ထားနိုင်ရေး ဒေါ်ခင်နှင်းနှင်းချစ် ၁၂/ဗဟန(နိုင်)၀၈၄၁၀၃ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် ၃/ပဒေသာ၊ ဦးပိုင်အမှတ်(၁၀၅)၊မြေဧရိယာ ၀ ဒသမ ၁၁၀ ကေရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမျိုးသိန်း (ခ)ဦးမျိုးမြင့် ၁၂/မဂဒ(နိုင်)၁၂၀၈၃၈ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

---

### ပျောက်ဆုံးကြောင်း

ကျွန်မ မဥမ္မာဆန်း ၁၁/စတန(နိုင်)၁၂၉၄၃၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာဝင်း ၁၁/ကတန(နိုင်)၁၅၂၂၉၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်မ ဝင်းဝင်းသန်း ၁၁/ကတန(နိုင်)၁၅၂၂၇၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သန်းမြင့် ၁၁/မပန(နိုင်)၀၈၆၀၈၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်ဌေး ၁၁/ပတန(နိုင်)၀၉၀၃၉၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၄၀၈၇၂၀၅၀၁

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိန်သန်းမောင် ၁၁/ပတန(နိုင်)၁၃၄၅၆၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဖုန်း-၀၉-၄၀၈၇၂၀၅၀၁

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် W/48180 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ– ၂၀)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၃၆**

ဦးသိန်းသန်း နှင့် ဦးကြည်သန်း

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၀)ရပ်ကွက်၊ ရေဝဏ်ချဉ်းကပ်လမ်း၊ အမှတ်–၃၃၄ နေ တရားပြိုင်ဦးကြည်သန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၂ခုနှစ် အောက်တိုဘာ၁၂ရက်(၁၃၈၄ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅) ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ မြေကွက်အမှတ် (၂၀၆၈) ဦးလွင်ကြည် အမည်ပေါက်သည့် ပါမစ်မူရင်း မြေအကျယ်ပေ (၄၀ x ၆၀) ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလျှန်ကြုံး၅/ကလထ (နိုင်) ၀၄၁၅၆၆မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးပြုံး ၁၄/ကပန (နိုင်) ၀၀၉၈၉၃ မှ အထက်ဖော်ပြပါ မြေကွက်၏ စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက် ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ –**
**ဒေါ်အေးအေးပြုံး**

**ညွှန်ကြားချက်အရ–**
**ဒေါ်စုစုအောင်**
**(LL.B, D.B.L,D.I.L)**
**အထက်တန်းရှေ့နေ**
**(စဉ်–၃၅၅၀၉/၁၆–၁၂–၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊**
**ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၂၅၀၈၀၅၅၂၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(A–၂၁၃)၊ မြေဧရိယာ၀ဒသမ၂၂၉ ဧကရှိ ဗိုလ်မှူးကြီးခင်မောင်လှိုင် (ဘ)ဦးညာဏ်ထွန်း ၉/ပသက(နိုင်)၀၀၆၅၁၂ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဦးခင်မောင်လှိုင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၉၀၃/၂၀၂၂)၊ (၁၆–၅–၂၀၂၂) ရရှိထားသူ ဒေါ်ခင်ဥမ္မာအောင်(ဘ)ဦးအောင်ငွေ ၇/တငန(နိုင်)၀၀၁၀၉၃မှ ဦးကျော်စွာသွင်(ဘ)ဦးမြသွင် ၁၃/နခတ(နိုင်)၀၀၆၆၉၉နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၉၉–၂၃)၊ ဦးပိုင်အမှတ်(၁၀)၊ ၎ကျွဲလမ်း၊ ၅၄x၅၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ရှင် ၁၃/လရန(နိုင်)၀၉၆၆၂၇၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၂၉၄/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းမြအောင် ၁၃/လရန(နိုင်)၁၂၀၁၇၅၊ ဒေါ်ဟော်ကွေ့ဖျင့် ၁၃/လရန(နိုင်)၀၆၉၅၀၈၊ ဒေါ်ဟော်ကွေ့လန့်၁/မကတ(နိုင်)၀၆၅၆၈၁ တို့က မူရင်းပိုင်ရှင်၏မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာနှင့်အတူ အမှုတွဲအမှတ်(၃၄၀၀/၂၀၂၂–၂၀၂၃)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိုင်းဆိုင်၁၃/တကန(နိုင်)၂၁၀၇၄၂ နှင့် အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့၊ တုံခမ်းရပ်ကွက်၊ ရန်ကင်းလမ်းနေ ဒေါ်နန်းမိုမိုခမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ဦးစိုင်းဆိုင်နှင့် ဒေါ်နန်းမိုမိုခမ်းတို့သည် မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၁၂–၄–၂၀၁၂ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ ကြပါသည်။ ထိုနောက်ပိုင်းတွင် ဦးစိုင်းဆိုင်အနေဖြင့် ၎င်း၏ဇနီးဖြစ်သူနှင့် ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့ကြောင်း လူကြီးမင်းမှ အတိအလင်းထုတ်ဖော် ပြောကြားလာပါသည်။ ဒေါ်နန်းမိုမိုခမ်းမှလည်း လူကြီးမင်း၏ခွင့်ပြုချက်အရ “မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ” ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း၊ နောက်နောင်တွင် လူကြီးမင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များသည် ဒေါ်နန်းမိုမိုခမ်းနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း ဦးစိုင်းဆိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်နန်းမိုမိုခမ်း**
**၁၃/ဟပန(နိုင်)၀၇၁၉၈၉**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခွန်အဂ္ဂရာဇ် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၉၀၁)**
**အမှတ်–မ/၃၂၄၊ သီရိမင်္ဂလာလမ်း၊ မင်္ဂလာဦးရပ်ကွက်၊**
**တောင်ကြီးမြို့**
**ဖုန်း –၀၉–၄၂၈၃၂၂၀၇၈**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊သီလဝါအထူးစီးပွားရေးဇုန်(ဇုန်အေ)၊စက်မှုဇုန်(UnitB,Lot. C24+C25) ရှိ "HAN YOMA NUTRITION COMPANY LIMITED"သည် အောက်ပါ “HANYO MANUTRITION” ကုန်အမှတ်တံဆိပ်ကို မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်–

HAN YOMA NUTRITION Reg.4/7313

အထက်ပါအမှတ်တံဆိပ်အား(အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ် အုပ်စု –၅) ဖြင့် မှတ်ပုံတင်သွင်းကြေညာသူ “HAN YOMA NUTRITION COMPANY LIMITED"က ထုတ်လုပ်ရောင်းချဖြန့်ဖြူးသောPremixes, Feed Additives တိရစ္ဆာန်ဖြည့်စွက်စာများ၊အာဟာရပုံစံများနှင့်သက်ဆိုင်သော ဝန်ဆောင်မှုများကိုပေးဆောင်ရာတွင် ကုမ္ပဏီပိုင် Trademark, Trade Name အနေဖြင့်အသုံးပြုလျက်ရှိပါသည်။ မည်သူမျှ အထက်ပါကုန်အမှတ်တံဆိပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ တုပပြုလုပ်သုံးစွဲသူများတွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**HAN YOMA NUTRITION COMPANY၏ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာဌေး (L.B, D.B.L,D.I.P.L, M.B.L)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်–၇၄၀၃)**
**အမှတ်၈၅၊လှည်းတန်းလမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧက၊ မြေကွက်အမှတ်(ဥ–၆၃၅၁) ဦးညွန့်ဝင်းဇော် (ဘ) ဦးခင်ဇော်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကိုဦးတင်မောင်လှ ၁၂/လကန(နိုင်)၀၂၂၃၂ (ဘ)ဦးရွှေသောင်းမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၆၀/၂၀၂၂ (၂၄–၅–၂၀၂၂)တင်ပြ၍ ဒေါ်အေးအေးထွန်း ၁၁/မပန(နိုင်)၀၀၀၃၁၂(ဘ)ဦးကံအေး အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၆)လမ်း၊ အမှတ်(၆၇၈/က) ဟုခေါ်သော (၂)ခန်းတွဲ (၃ ၁/၂)ထပ် ကန်ထရိုက်တိုက်၏ ပထမထပ်(မှန်ခန်း/ခြေရင်းခြမ်း) တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းကို အရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းမြင့် ၁၂/ဥကတ(နိုင်)၀၃၀၈၁၆က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက် မှ ခုနစ်ရက်အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်ထက်ပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၄၆/၂၀၁၄)**
**အမှတ်(၂၅၅)၊ မင်းရဲကျော်စွာ(၂)လမ်း(က)၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၃၁၉၈၄၁၈၊ ၀၉–၂၆၂၃၇၇၇၅၁**

## နိုင်ငံသားစိစစ်ရေးကတ်အမှတ်၁၂/သဃက(နိုင်)၁၁၇၉၇၃ (ဘ) ဦးခင်မောင်၏သား၊ ဦးလှဝင်း (ခ) ဦးပါပု နှင့် အများသိစေရန်

အထက်ပါ ဦးလှဝင်း(ခ)ဦးပါပုအား မိခင် ဒေါ်ကုလားမ(ခ)ဒေါ်ဟာဇရာဘီက ယခင်ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးရှိ ဇာရီမှုအမှတ်–၇၁/၂၀၁၄နှင့် မိခင် ဒေါ်ကုလားမ(ခ) ဒေါ်ဟာဇရာဘီက ဒေါ်စန်းရီ(ခ)ဒေါ်နိုရဘီ(ခ)မကျည်းတန်အပေါ် တရားစွဲဆိုထားမှုအတွက် ၎င်းကိုယ်စားဆောင်ရွက်နိုင်ရန် နိုတြီပဗ္ဗလစ်၊ တရားလွှတ်တော်ရှေ့နေ ဦးလှဝင်းထံတွင် (၂၈–၇–၂၀၁၅)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ဆောင်ရွက်စေခဲ့ရာ ယခုအခါ ဦးလှဝင်း(ခ)ဦးပါပုအား လွှဲအပ်ထားသော ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ပါကြောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ အောင်မင်္ဂလာလမ်းအမှတ်(၁၇)ဟုခေါ်တွင်သော အဆောက်အအုံနှင့် ၎င်းအဆောက်အအုံဆောက်လုပ်ထားသောမြေကွက်တို့ကို ဒေါ်ကုလားမ(ခ) ဒေါ်ဟာဇရာဘီ တစ်ဦးတည်းကသာ ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိပါကြောင်း ဦးလှဝင်း(ခ) ဦးပါပုနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ကုလားမ(ခ)ဒေါ်ဟာဇရာဘီ ၁၂/သဃက(နိုင်)၁၅၈၅၈၃၏**
**လွှဲအပ်ညွှန်ကြားမှုအရ–**
**ဦးအောင်သက်နိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၇၈၁/၂၆–၁–၂၀၂၂)**
**ရုံး–အမှတ်(၃၈၄/ခ)၊ အောင်မင်္ဂလာ(၃)လမ်း၊ ၁၇ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၉၇၄၀၄၉၄၈၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ညောင်အုပ်ဖီးကျေးရွာအုပ်စု၊ ညောင်အုပ်ဖီး ကျေးရွာ၊ မြောက်ရပ်နေ ဦးမှတ်တင် ၉/ဝတန(နိုင်) ၁၄၄၈၉၇–ဒေါ်ရီဌေး ၉/ဝတန(နိုင်)၂၀၇၆၆၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးမှတ်တင်–ဒေါ်ရီဌေး တို့၏သားဖြစ်သူ မောင်မျိုးမင်းသိန်း ၉/ဝတန(နိုင်)၂၀၇၇၉၉ သည် မိဘများ၏ ဆိုဆုံးမမှုအား နာခံမှုမရှိဘဲ ၎င်း၏သဘောဆန္ဒတစ်ခုတည်းဖြင့် မိဘများ စိတ်ဆင်းရဲမှုဖြစ်အောင် အမျိုးမျိုးပြုလုပ်ပြီး ၁၈–၄–၂၀၂၂ ရက်တွင် နေအိမ်မှ ဆင်းသွားပါသည်။

မောင်မျိုးမင်းသိန်းအား မိဘများမှ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ ပြုမူဆောင်ရွက်ချက်များသည် မိဘများနှင့် သက်ဆိုင်မှုမရှိဘဲ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်အဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမှတ်တင်–ဒေါ်ရီဌေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်သီဟထွန်း(LL.B, D.B.L, D.I.L)**
**(စဉ်–၉၂၇၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃)၊ ဗဟိုရပ်ကွက်၊ ဝမ်းတွင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်း၁/ကရပ်ကွက်၊ ချစ်တီးကုန်း(၇)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၁/က၊ လူနေရပ်ကွက်အမှတ်လေဆိပ်ဝန်းကျင်ဖွံ့ဖြိုးရေးစီမံကိန်း၊ မြေကွက်အမှတ် (၄၆/ခ)၊ ဧရိယာ ၀ဒသမ၀၂၄ဧကရှိ ဒေါ်အုံးကျင် ၁၂/မဂဒ(နိုင်)၀၄၂၁၅၉အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ကို ဒေါ်ဥမ္မာကျော် ၁၂/မဂဒ(နိုင်)၀၁၃၆၄၀က အရောင်းအဝယ် အရပ်ကတိစာချုပ်ဆက်စပ်များဖြင့် ဝယ်ယူကာလက်ဝယ်ပိုင်ဆိုင်ထားပြီး၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း(မူရင်း)ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်မာနွယ်**
**(LL.B, D.B.L) (စဉ်–၁၄၂၆၂)**

**ဒေါ်နန်းစုမြတ်နိုးထွဋ်**
**(LL.B) (စဉ်–၁၇၅၉၀)**

**ဒေါ်ချောရူပါဝင်း**
**(LL.B)(စဉ်–၅၂၅၉၃)**

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၄၈)၊နတ်မောက်လမ်းသွယ်(၁)လမ်း၊ဗိုလ်ချို(၂)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၄၅၇၇၅၆၈၂၁၊ ၀၉–၄၃၁၆၇၂၉၆၊ ၀၉–၄၂၁၀၂၂၁၁၂**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် တောင်ပိုင်း၊ အမှတ်(၈)၊ အထက ခွဲ Grade–7 (B)မှ မမေဝသန်လင်း ၏ ဖခင်အမည်မှန်မှာ ဦးခိုင်လင်း ၁၂/ဒဂတ(နိုင်)၀၆၂၀၅၉ ဖြစ်ပါသည်။

**ဦးခိုင်လင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/4109 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/2879 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၇၁၄၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကောင်းမွန် ၃/ကကရ(နိုင်)၁၅၇၆၆၉ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၉၁၃၀၈ ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ထွန်း ၁၀/ခဆန(နိုင်)၁၃၃၂၈၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အများသိစေရန်ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဗမာအေး)၊ မြေကွက် အမှတ်(၂၇၀)၊ ဧရိယာပေ (၂၅x၅၀) = ၁၂၅၀ စတုရန်းပေ= ၀ ဒသမ ၀၂၈ဧက၊ မြေကွက်တည်နေရာအမှတ်(၂၇၀)၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်ဒေါ်ခင်စန်းလွင်၁၂/ဒပန(နိုင်)၀၂၄၀၆၀ အမည်ပေါက် မြေကွက်အား အမည်ပေါက်ထံမှ GP –၁၀၉၉၉/၂၀၁၇ (၁–၁၂–၂၀၁၇) ဖြင့်ရရှိသူ ဦးမြင့်ဦး ၁၂/ဥကတ(နိုင်)၀၃၄၆၁၂မှ နှစ်(၆၀) ဂရန်မူရင်းသည် အထားအသို မှားယွင်းပြီး ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်၍ မြေငှားစာချုပ်အမှတ်–ဒပ/၁/၀၀၀၈/၉၃(၂၃–၉–၁၉၉၃)ဖြင့် မူလထုတ်ပေးထားသည့် ဒေါ်ခင်စန်းလွင်၁၂/ဒပန(နိုင်)၀၂၄၀၆၀ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၉၉–၂၈)၊ ဦးပိုင်အမှတ်(၁၂)၊ ၅၀လမ်း၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချန်ထွန်း ၈/မကန(နိုင်) ၀၀၈၉၆ကက ဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ လမ်းဖိုးငွေသွင်းပြေစာ၊ မြေဖိုးငွေသွင်းပြေစာမူရင်းများ အသိမ်းလွန် ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အိမ်ဆောက်မိန့်တင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ ဟံသာဝတီလမ်း၊ (၁၄/၆/၇၀၈)နေ ဖခင်ဖြစ်သူ ဦးဇော်ဝင်းလွင်(ခ) ဦးစိုးသန်း ၁၂/မရက (နိုင်) ၀၀၅၉၄၄၊ မိခင်ဖြစ်သူ ဒေါ်တင်မိုးဆွေ ၁၂/မရက(နိုင်) ၀၀၆၀၅၁ တို့၏သမီးဖြစ်သူ မခင်ချမ်းမြေ့ဇော် (ခ) မချစ်စု ၁၂/အစန(နိုင်)၂၁၄၂၇၂ သည် မိမိဆန္ဒအလျောက်အကြိမ်ကြိမ်အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးသန်း–ဒေါ်တင်မိုးဆွေ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ/စက်မှု–၂)ရပ်ကွက်၊ အကွက်အမှတ်–လလ/၇၉၊ ဦးပိုင်အမှတ်–(၈၃)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကျော်မြင့်နိုင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်ကို (၅–၇–၂၀၀၆) ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်–(၁၅၆၅/၂၀၀၆) အရ ကျွန်တော် ဦးကျော်မြင့်နိုင် ၉/မနတ(နိုင်)၀၀၂၇၄၅ မှ ဒေါ်ကောင်းမေ (တာဒေဒဗလျူ ၀၂၁၀၆၀) သို့ အထူးကိုယ်စားလှယ်စာ လွှဲအပ်ထားပါသည်။

အထက်ပါအထူးကိုယ်စားလှယ်အား လုပ်ငန်းကိစ္စများဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် ဆက်လက်ထားရှိရန်မလိုအပ်တော့ပါ၍တစ်ဖက်သတ် ပြန်လည်ပယ်ဖျက်မည်ဖြစ်ကြောင်းနှင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်နိုင်**
**၉/မနတ(နိုင်)၀၀၂၇၄၅**
**စက်မှု–၂၊(ည)ရပ်ကွက်၊ ၁၄၁ လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး**

## မိဘအမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ အေးသာယာမြို့၊ Family ကိုယ်ပိုင်ကျောင်း ကျောင်းဝင်အမှတ် (၀၁၃၄၁) Grade–7မှ မောင်ကောင်းထက်စံ၏မိဘအမည်မှန်မှာ ဦးဌေးဝင်း ၉/မထလ(နိုင်)၂၂၁၇၂၂– ဒေါ်နေခြည်ဝင်း ၁၃/နစန(နိုင်)၀၄၈၂၄၁တို့ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆၁ယ/၇၈၃၈၇ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခန့် ၁၃/တကန(နိုင်)၃၁၀၈၃၈က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/8877 Toyota Landcruiser S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်စိုးကျော် ၁၄/မအပ(နိုင်)၂၇၀၆၂၀က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/53190 Honda Click 125 Auto M/Cယာဉ်လက်ဝယ်ရှိသူ ဦးဒေါ်လာ ၉/ကဆန(နိုင်)၁၀၈၄၄၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၆၃၈၃ Luojia 110ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလွင်ဦး ၉/မဟမ(နိုင်)၀၀၇၅၃၉က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

## (တရားမကျင့်ထုံးကိုမဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ဗိုလ်တထောင်ခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၂၀

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် **နှင့်** ၁။ AYE Yeik San Construction & Development Co., Ltd
(၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ၂။ ဦးတည်ကြည်ဦး (Managing Director)
ဦးကျော်ကျော်ထက်) ၃။ ဒေါ်ချောစုမြင့် (Executive Director)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ်-၁၇နေ တရားပြိုင်များဖြစ်ကြသော ၁။ AYE Yeik San Construction & Development Co., Ltd၊ ၂။ ဦးတည်ကြည်ဦး (Managing Director)၊ ၃။ ဒေါ်ချောစုမြင့် (Executive Director) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဒုတိယမန်နေဂျာ ဦးကျော်ကျော်ထက်)က ဘဏ်ချေးငွေများ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၁ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်အမည်ပါရှိသူတို့ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏မျက်ကွက်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( ဝါဝါလွင် )
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/97686 Kymco 110 M/Cယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprises Co., Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/4921 Suzuki Carry GDN71T Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဆုဒေးဆင်း(ခ) မောင်စိန် ၁၃/တကန(နိုင်)၁၃၅၀၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၃၇၂၁၆ Honda WAVE 100 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက် ၉/ဇယသ(နိုင်)၀၀၇၈၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်ရုံး**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၂ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၄၃

ကမ္ဘောဇဘဏ်လီမိတက်၊ ဘဏ်ခွဲ(၄) **နှင့်** ဦးဝင်းချို ပါ ၄
(၎င်း၏ကိုယ်စား လ/ထအထွေထွေ
မန်နေဂျာ ဒေါ်တူးမာသန်း)

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**
**တရားလို** **တရားပြိုင်များ**

လျှောက်ထားခံရသူများ ၁။ ဦးဝင်းချို၊ ၂။ ဒေါ်မိမိမြ၊ ၃။ ဦးစိုးသက်ချို (အတူနေမိသားစု) အိမ်အမှတ်(၃၈)၊ ၃၂လမ်း၊ ၅၈-၅၉လမ်းကြား၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ကမ္ဘောဇဘဏ်လီမိတက်၊ ဘဏ်ခွဲ(၄) (၎င်း၏ကိုယ်စား လ/ထ အထွေထွေမန်နေဂျာဒေါ်တူးမာသန်း)က ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၂၆/၂၀၂၁တွင် ၆-၁-၂၀၂၂ရက်စွဲပါ စီရင်ချက်နှင့် စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြတ်မြတ်လွင်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၂၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၀၇

ကမ္ဘောဇဘဏ်လီမိတက်၊ ဘဏ်ခွဲ(၄) **နှင့်** ဦးဝင်းချို ပါ ၄
(၎င်း၏ကိုယ်စား လ/ထ အထွေထွေ
မန်နေဂျာ ဒေါ်တူးမာသန်း)

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**
**တရားလို** **တရားပြိုင်များ**

လျှောက်ထားခံရသူများ ၁။ ဦးဝင်းချို၊ ၂။ ဒေါ်မိမိမြ (အတူနေလင်မယား) ၃၂လမ်း၊ ၅၈-၅၉လမ်းကြား၊ ကံကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ကမ္ဘောဇဘဏ်လီမိတက်၊ ဘဏ်ခွဲ(၄) (၎င်း၏ကိုယ်စား လ/ထ အထွေထွေမန်နေဂျာဒေါ်တူးမာသန်း)က ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ တရားမ အထွေထွေမှုအမှတ် ၂/၂၀၂၁တွင် ၃၀-၆-၂၀၂၁ရက်စွဲပါ စီရင်ချက်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြတ်မြတ်လွင်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)

## ထားဝယ်ခရိုင်တရားရုံးတော်

## ၂၀၂၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃

## ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်အေးအေးစန်း **လျှောက်သူ**

သဗျာကျေးရွာအုပ်စု၊ လောင်းလုံးမြို့နယ်နေ ဒေါ်အေးအေးစန်းက ကွယ်လွန်သူ ဦးအုန်းမောင်၏ အတူနေတူမအရင်းဖြစ်သည်ဟူ၍ သဗျာကျေးရွာ၊ လောင်းလုံးမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးအုန်းမောင်မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးအုန်းမောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၂ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်အေးအေးစန်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ကျော်မင်းအောင်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

သာစည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၈-မြို့မရပ်)၊ ဦးပိုင်အမှတ်(၂၂)၊ မြေကွက်အမှတ်(၃၂)၊ မြေဧရိယာ ၀ ဒသမ ၀၉၆ဧကရှိ မြေကွက်သည် မြို့မြေအတွင်းပါဝင်ပြီး၊ အဆိုပါမြေကွက်အား ဦးတင်မောင်ထွေး ၉/သစန(နိုင်)၁၁၂၈၃၃မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်းနှင့် ၎င်းမြေကွက်ပေါ်တွင် အမှန်တကယ်နေထိုင်သည်မှာ မှန်ကန်ကြောင်း ကျမ်းသစ္စာကျိန်ဆို၍ သာစည်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၄၄/၂၀၂၂ဖြင့် မှတ်ပုံတင်ပြီးနောက် မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)

## မဟာအောင်မြေခရိုင်တရားရုံးတော်

## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၉၅

ဒေါ်သီတာဝင်း **နှင့်** ဒုအရာခံဗိုလ်တင်အေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဆ-၁၀/၅၈)၊ မြို့သစ်(၂)နေ ဒုအရာခံ ဗိုလ်တင်အေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

